# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၀၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။



## မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၇၃ တွဲ ရောင်းချခဲ့ရ

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၂ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။ (အပေါ်ပုံ) *စာမျက်နှာ ၅ ကော်လံ ၁* ○

## ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် လှူဒါန်းသည့် ကလေးများတွင် ထိုးနှံနိုင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer Vaccine ၁၀၀၀၀၀ doses နှင့် ဆေးထိုးအပ်များ ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၁

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့်လှူဒါန်းသည့် ကလေးများတွင် ထိုးနှံနိုင်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Pfizer Vaccine ၁၀၀၀၀၀ doses နှင့် ဆေးထိုးအပ်များသည် ယနေ့ နံနက်ပိုင်းတွင် လေယာဉ်ခရီးစဉ် TG-303 ဖြင့် *စာမျက်နှာ ၅ ကော်လံ ၁* ❖





**ယနေ့ ဖတ်စရာ**

မြေချဉ်နှင့်ဆားပေါက်မြေဆီလွှာများအား ထုံးနှင့် ဂျစ်ပဆန်အသုံးပြု၍ ပြုပြင်ခြင်း | ဆောင်းပါး | စာ - ၁၀

..............................

တွစ်တာကိုဝယ်ယူပြီးနောက် ဝန်ထမ်းအင်အား ၇၅ ရာခိုင်နှုန်းနီးပါးကို လျှော့ချရန် အီလွန်မက်စ် စီစဉ်နေ | နိုင်ငံတကာသတင်း | စာ - ၁၃





# ပြည်တွင်းခရီးသွား ဖွံ့ဖြိုးရေးအတွက် ဒေသများတည်ငြိမ်အေးချမ်းဖို့လို

ယခုသီတင်းကျွတ်ပွင့်လင်းရာသီ ကျောင်းပိတ် ရုံးပိတ်ရက်များအတွင်း ပြည်တွင်းခရီးစဉ်ဒေသများ၌ ခရီးသွားပြည်သူများ စည်ကားခဲ့ရာ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် နှစ်နှင့်ချီ၍ ရပ်ဆိုင်းသွားခဲ့ရသည့် ခရီးသွားလုပ်ငန်းများအတွက် မျှော်လင့်ချက်များ မြင့်မားလာစေခဲ့သည်။ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်နိုးထလာခြင်းသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးတစ်ခုလုံး ပြန်လည် လည်ပတ်လာရန်အတွက် စ မှတ်ပင်ဖြစ်သည်။

ပြည်တွင်းခရီးသွားလုပ်ငန်းသည် ဒေသတွင်း စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို သိသိသာသာဖြစ်ထွန်းစေသည့်အလျောက် ဒေသခံပြည်သူများအပါအဝင် ခရီးသွားလုပ်ငန်းကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုကြသူများ၊ လုပ်ငန်းရှင်များက ခရီးသွားလုပ်ငန်းများ ပွင့်လန်းလာမှုကို လိုလားကြသည်။ ခရီးစဉ်ဒေသတစ်ခုသို့ ခရီးသည်ဝင်ရောက်လာသည်နှင့် ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဧည့်လမ်းညွှန်လုပ်ငန်းများ၊ အမှတ်တရပစ္စည်းနှင့်ဒေသထွက်ကုန်လုပ်ငန်းများ၊ ဖျော်ဖြေမှုလုပ်ငန်းများ စသည်ဖြင့် လုပ်ငန်းများစွာတို့ လည်ပတ်လုပ်ကိုင်ကြရသည်။ ခရီးစဉ်ဒေသတစ်ခုအတွင်း ခရီးသည်များ သုံးစွဲသွားခဲ့ကြသည့် ငွေကြေးပမာဏသည် ခရီးသွားလုပ်ငန်းများတွင် ကဏ္ဍအသီးသီး၌ ဝင်ရောက်လုပ်ကိုင်နေကြသူများအတွက် ဝင်ငွေဖြစ်သကဲ့သို့ ဒေသ၏ ဝင်ငွေလည်းဖြစ်လာသည်။

ဆိုခဲ့ပါအတိုင်း ပြည်တွင်းခရီးသွားလုပ်ငန်းသည် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း အလုပ်အကိုင်ဖန်တီးမှုတို့ကို ဖော်ဆောင်ပေးနိုင်သည့်နည်းတူ ပြည်ပခရီးသွားလုပ်ငန်းကလည်း နိုင်ငံခြားဝင်ငွေရရှိမှုနှင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပမာဏကြီးမားစွာ အကျိုးပြုနိုင်သည့်အလျောက် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ကိုဗစ်–၁၉ ကူးစက်မှုကျဆင်းလာသည်နှင့်အမျှ ပြည်ပခရီးသွားလုပ်ငန်းများမြှင့်တင်မှုကို အားသွန်ခွန်စိုက် ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ကိုဗစ်–၁၉ ကူးစက်မှု ပြင်းထန်သည့်ကာလအတွင်း အလုံပိတ်နေခဲ့ကြရသမျှ မွန်းကျပ်မှုတို့ကို ဖြေလျှော့နိုင်ရန် ကမ္ဘာတစ်ဝန်းမှ ခရီးသည်များ လာရောက်လည်ပတ်ကြရေးအတွက် အစွမ်းကုန်ပြင်ဆင်မှုများနှင့်အတူ ဈေးကွက်မြှင့်တင်ကြော်ငြာဖိတ်ခေါ်မှုများလည်း ပြုလုပ်လျက်ရှိသည်။ မိမိတို့နိုင်ငံကဲ့သို့ ခရီးသွားလုပ်ငန်း ရေခံ မြေခံကောင်း များစွာရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ ခရီးသွားလုပ်ငန်းသည် ပြင်ပဝင်ငွေပမာဏများစွာ ရရှိနိုင်သော လုပ်ငန်းတစ်ခုပင်ဖြစ်သည်။

ပြည်တွင်းဖြစ်စေ၊ ပြည်ပဖြစ်စေ ခရီးသွားလုပ်ငန်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပင်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ ခရီးသွားလုပ်ငန်းရှင်သန်ဖွံ့ဖြိုးနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျှော်မှန်းနိုင်မည်ဖြစ်ရာ မိမိတို့နေထိုင်ရာဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြပါစေကြောင်း။ ။



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပဗ္ဗတာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ထေရဝါဒဓမ္မရောင်ခြည်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မဟာအတုလဝေယံဘုံသာ တိပိဋ္ဋက ရွှေပါရမီ ကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလိတ်ကျောင်းတိုက် (အပေါ်ယာပုံ)တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ပေပင်ပရိယတ္တိစာသင်တိုက်နှင့် အောင်မြေသာစံ မြို့နယ်ရှိ ဖောင်တော်ဦးပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရက္ခပူရသာသနဝိမာန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကန်ဦးဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သံလွန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edu-tainment) အစီအစဉ်များ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၂–၂၀၂၅ မဟာဗျူဟာစီမံချက်ပါ ၂၀၂၂ ခုနှစ် လုပ်ငန်းအစီအစဉ် တစ်ခုဖြစ်သည့် “မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပညာသင်ယူရာ ဌာနများတွင် ကျောင်းသား ကျောင်းသူများအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးနိုင်ရန်”အတွက် “ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edu–tainment) အစီအစဉ်များ” ပြုလုပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာအချို့ကို ကောက်နုတ်၍ သင်ကြားပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(ဓါတ်ပုံ)



ထိုကဲ့သို့ ကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်း ဖြစ်ပေါ်လာပြီး နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်သည်။

သတင်းစဉ်

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

# (၄/ ၂၀၂၂) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်းသစ် ၁၃ ခုကို ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၂၁

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၈)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**



အစည်းအဝေးတွင်ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အဦ ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၃ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၀၁၇ သန်းနှင့် ငွေကျပ် ၁၆၇၃၆၆ ဒသမ ၃၉၉ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၆၈၅ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သောလုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၂ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများကို စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီပေါသံအမတ်ကြီး H.E. Mr. Harish-chandra Ghimire အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီပေါနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားပြီး မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး မြှင့်တင်ရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုဆိုင်ရာ ကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူကဏ္ဍများအပြင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



## ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ လေကြောင်းလိုင်းများအနေဖြင့် ခရီးစဉ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ကူညီပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ အစိုးရရုံးပိတ်ရက်ကာလများအတွင်း ပြည်တွင်း/ ပြည်ပ ခရီးသွားများ ခရီးစဉ်ဒေသများသို့ သွားရောက် လည်ပတ်ရေးနှင့် စပ်လျဉ်း၍ အထူးသဖြင့် ပြည်တွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ Hybrid စနစ်ဖြင့် တက်ရောက်သည်။




### တက်ရောက်

အစည်းအဝေးသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုပွင့်လင်းရာသီတွင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ စဉ်ဆက်မပြတ် ကျရောက်လျက်ရှိရာ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လွယ်ကူအဆင်ပြေစွာ သွားရောက်လည်ပတ်နိုင်ရေးအတွက် ဒေသအလိုက် အဆင်ပြေစွာ သွားလာနိုင်ရေး တည်းခိုနေထိုင် စားသောက်ရေးအပိုင်းများတွင် အဘက်ဘက်က အဆင်ပြေအောင် ဂရုပြုစီစဉ်ကြရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာခြင်းဖြင့် ဒေသခံတို့၏ လူမှုဘဝစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ဖြစ်စေသည့်အတွက် ပြည်တွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေး ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ခရီးစဉ်ဒေသများတွင် ပြည်တွင်း ခရီးသွားလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ-ပုဂ္ဂလိက ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများက ခရီးစဉ်ဒေသများအလိုက် အစိုးရရုံးပိတ်ရက် ကာလများအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ခရီးသွားဆွဲဆောင်ရာ နေရာများသို့သွားလာလည်ပတ်မှု အခြေအနေများ၊ တည်းခိုနေထိုင်မှု အခြေအနေများနှင့် ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန နီလာခန်းမ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Myanmar Airways International (MAI) မှ Chief Commercial Officer ဖြစ်သူ Mr. Tanes Kumar နှင့်အဖွဲ့ကို အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျနှင့် အရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပျံသန်းပြေးဆွဲခွင့်ပြုခဲ့ပြီး လေကြောင်းလိုင်းများအနေဖြင့် ခရီးသွားမြှင့်တင်ရေးအတွက် ခရီးစဉ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ယခုအခါ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် လုပ်ငန်းရှင်များ လာရောက်နိုင်ရန် နိုင်ငံတော်မှ အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်နိုင်ရန်အတွက် Ural Airline Inflight မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ MAI အနေဖြင့်လည်း လေကြောင်းပို့ဆောင်ရေး အပိုင်းမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ Myanmar Airways International (MAI) မှ Chief Commercial Officer ဖြစ်သူ Mr. Tanes Kumar က MAI လေကြောင်းလိုင်းမှ စီစဉ်ဆောင်ရွက်သွားမည့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအမံများ၊ ဒေသတွင်းနိုင်ငံများနှင့် ခရီးစဉ်များ တိုးချဲ့ပျံသန်းမည့် အစီအစဉ်များ၊ လတ်တလော ပြေးဆွဲဆောင်ရွက်နေသည့် ခရီးစဉ်ဒေသများနှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် အချက်အလက်များအား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံတမန်ရေးရာသင်တန်း(Course in Diplomacy–CID) အမှတ်စဉ်(၇/၂၀၂၂)သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အသစ်ခန့်အပ်လိုက်သော ဌာနစုမှူး-၂/ တတိယ အတွင်းဝန်အရာထမ်းငယ်များအတွက် ဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း(Course in Diplomacy–CID) အမှတ်စဉ် (၇/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်၍သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ သင်တန်းပို့ချပေးခဲ့ကြသည့် ဝါရင့်သံတမန်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ နည်းပြဆရာကြီး ဆရာမကြီးများ၊ တက္ကသိုလ်အသီးသီးမှ ဆရာကြီး ဆရာမကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများက သင်တန်းသား သင်တန်းသူများအား သင်တန်းပြီးမြောက်ကြောင်း အောင်လက်မှတ်များနှင့် ထူးချွန်သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်တွင် ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)တွင် အောက်တိုဘာ ၃ ရက်မှ ၂၁ ရက်အထိလည်းကောင်း စုစုပေါင်းရက်သတ္တပတ် ၁၀ ပတ်ကြာဖွင့်လှစ်ပို့ချပေးခဲ့ပြီး အရာထမ်းငယ်များ၏ အရည်အသွေးမြှင့်တင်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတကြွယ်ဝစေရန်အတွက် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံတကာဆက်ဆံရေး၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ သံတမန်ရေးရာဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ အထွေထွေ ဗဟုသုတများနှင့် လက်တွေ့အသုံးချ အင်္ဂလိပ်စာ ဘာသာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။



**သတင်းစဉ်**

# အသက်(၆)လမှ (၃)နှစ်အရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်သူများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံ သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အသက်(၆)လမှ (၃)နှစ်အရွယ် ကလေးသူငယ်ပြုစုစောင့်ရှောက်သူများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။




သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် သက်ဆိုင်ရာဌာနများတွင် ကလေးပြုစု စောင့်ရှောက်ရေးဆိုင်ရာ Resource Person များအဖြစ် သင်ယူခဲ့ရသည့်ပို့ချချက်များအပေါ် လက်တွေ့အသုံးချသွားရန်နှင့် ဆက်လက်လေ့လာသွားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနများရှိ ဝန်ထမ်းများ၏ သား/သမီးငယ်များကို စနစ်တကျပြုစုစောင့်ရှောက်မှုမှတစ်ဆင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှုရရှိစေသည့် လုပ်ငန်းစဉ် ဖြစ်သောကြောင့် နေ့ကလေးထိန်း ဌာနများကို ဝန်ကြီးဌာနများတွင် တိုးချဲ့ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားများကို သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည် ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၂)ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအရ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲလူနာများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊ နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲ ကုသရေးဌာနများနှင့် ပြန်လည်ထူထောင်ရေးစခန်းများ ချိတ်ဆက်၍ ဆေးဖြတ်ပြီးသူများကို ပြန်လည်ထူထောင်ပေးနိုင်ရေးဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဖြတ်ကုသမှု ခံယူပြီးသူများကို စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းများနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းများ ဖွင့်လှစ်ပြီး သင်တန်းသားများ လက်ခံခြင်း၊ သင်တန်းသားများ၏ ကိုယ်ရေး အချက်အလက်များ ကောက်ယူခြင်းနှင့် ရပ်ရွာလူထု အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် နောက်ဆက်တွဲ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများအတွက် စံလုပ်ငန်းလမ်းညွှန်စာအုပ်ကို ရေးဆွဲလျက်ရှိပြီး အတည်ပြုချက်ရရှိပါက မူးယစ်ဆေးဖြတ်ပြီးသူများ စခန်းများတွင် အဆိုပါစာအုပ်ကို လက်တွေ့အသုံးပြုသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြပြီး အစည်းအဝေး တက်ရောက်သူများက လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သင်တန်းကရရှိသည့် အတွေ့အကြုံဗဟုသုတနှင့် ပညာရပ်များ၊ အသိပညာနှင့် အတတ်ပညာများကို ပြည့်ပြည့်ဝဝ အသုံးချပြီး နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်တတ်ကျွမ်းပြီး ပြည်သူလူထုကို လုပ်ထုံး လုပ်နည်းများနှင့်အညီ အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဖွင့်လှစ်ပေးသည့် အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄)နှင့် အင်ဂျင်နီယာ လုပ်ငန်းကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

သင်တန်း ဆင်းပွဲသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




သင်တန်း ဆင်းပွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က စည်ပင်ဝန်ထမ်းများသည် ပြည်သူလူထု၏ အကျိုးစီးပွားများကို စေတနာထား၍ တိုက်ရိုက်ထိတွေ့ဝန်ဆောင်မှုပေးကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် (Capacity) ပြည့်ဝရန်အတွက် လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု (Technical Skill)ရှိရန် လိုအပ်သလို စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ စွမ်းဆောင်ရည် (Management Skill) ရှိရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် အရည်အချင်းများ ပြည့်ဝမြှင့်တင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်လိုကြောင်း၊ နေပြည်တော်သည် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီစေရန် နေပြည်တော်ကို Green City, Clean City, Smart City ဖြစ်ရေး ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက သင်တန်းအလိုက် ထူးချွန်ဆုရရှိသော သင်တန်းသား သင်တန်းသူများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် သင်တန်းသား ကိုယ်စားလှယ်များထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ် ဝဲပုံ)**

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၂၀၁ မှ အတွဲအမှတ် ၄၀၀ အထိ ပုလဲအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ် ၂၀၁ မှ အတွဲအမှတ် ၄၀၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါအမှတ် (၃) ကို မွန်းလွဲ ၁ နာရီနှင့် တင်ဒါအမှတ် (၄) ကို ညနေ ၅ နာရီတွင် ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၆၈ တွဲနှင့် လက်ကျန်ပုလဲအတွဲ ၅ တွဲ စုစုပေါင်း ၁၇၃ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ အမှတ် ၁ မှ အတွဲအမှတ် ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များအား ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ကျင်းပပြုလုပ်သည့် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၁၉ ရက်မှ စတင်၍ ၂၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀ အနက်မှ စုစုပေါင်း ပုလဲအတွဲပေါင်း ၃၆၂ တွဲ ရောင်းချခဲ့ရပြီး ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၁၅၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအနေဖြင့် ငွေပေးချေရာတွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်၊ ဘတ်နှင့် ကျပ်ငွေများဖြင့် ပေးချေနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးနေကြစဉ်။



ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ခင်းကျင်းပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးနေကြစဉ်။



ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးတစ်တုံးအား ရတနာကုန်သည်တစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်။

❖ *ရှေ့ဖုံးမှ*

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကာကွယ်ဆေးများကို လွှဲပြောင်းလက်ခံကြသည်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား အခြေခံပညာကျောင်းသား ကျောင်းသူများကို ထိုးနှံပေးခဲ့ရာ အကြိမ်ပြည့်ထိုးနှံပြီးစီးမှု ၉၄ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး ကျောင်းပြင်ပကလေးများကို အကြိမ်ပြည့်ထိုးနှံပြီးစီးမှု ၇ ဒသမ ၈၉ ရာခိုင်နှုန်းရှိပြီဖြစ်သည်။ ယခု ထိုင်းနိုင်ငံမှ လှူဒါန်းသည့် ကလေးများတွင် ထိုးနှံနိုင်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Pfizer Vaccine များအား အသက် (၅)နှစ်မှ (၁၁)နှစ်အတွင်းရှိ ကာကွယ်ဆေးမထိုးနှံရသေးသော အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ကျောင်းပြင်ပကလေးများကို ထိုးနှံပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဥတ္တရသီရိ အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မြို့နယ်ပညာရေးဦးစီးဌာနမှ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စီမံရေးရာကဏ္ဍ၊ ဘဏ္ဍာရေးရာကဏ္ဍနှင့် ပညာရပ် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပြီး ဆွေးနွေးပွဲသို့ ဒုတိယမြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်စွာဟိန်း**

**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၁

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ဝဲပုံ)

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်ကိစ္စနှင့် နှစ်နိုင်ငံရေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ် ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# AHA Centre မှတစ်ဆင့် လှူဒါန်းမည့် အကူအညီအမှန်တကယ်လိုအပ်နေသည့် ပြည်သူများထံသို့ ပေးအပ်နိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

AHA Centre မှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ အဖွဲ့ဝင်အချို့ပါဝင်သည့် ဒုတိယအကြိမ် ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၁) ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပထမအကြိမ် ကြားဖြတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးခဲ့ကြပြီး အမှန်တကယ် လိုအပ်နေသည့် ပြည်သူများထံသို့ ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရာတွင် ခွဲခြားမှုမရှိစေရေးနှင့် မည်သူ့မျှ ချန်လှပ်ထားမှုမရှိစေရေးမူနှင့်အညီ ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရေးကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ခြောက်နှစ်တာကာလအတွင်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၉၁၆၃ ရွာ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးကာ အကျိုးပြု

**နေပြည်တော် အောက်တိုဘာ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယနေ့အထိ အိမ်သုံး/အများသုံး ဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ်တို့ဖြင့် မဟာဓာတ်အားလိုင်း ပြင်ပဧရိယာ၏ ၃၅ ဒသမ ၆ ရာခိုင်နှုန်း လွှမ်းခြုံပေးနိုင်ခဲ့ပြီး စွမ်းအင်ကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (ESMAP) လေ့လာချက်စစ်တမ်းများအရ စွမ်းအင်ရရှိမှုအဆင့် ၁ မှ ၅ အထိ ဖြည့်ဆည်းပေးနိုင်ခဲ့ကာ ယခုဘဏ္ဍာရေးနှစ်တွင်လည်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၁၀၄၀၊ အိမ်ခြေပေါင်း ၄၈၇၅၁ အိမ်ကိုလည်းကောင်း၊ အသေးစားဓာတ်အားစနစ် စီမံကိန်းလုပ်ငန်း သုံးခုကို ကျေးရွာ ရှစ်ရွာ အိမ်ခြေပေါင်း ၁၂၁၅ အိမ်ကိုလည်းကောင်း လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ်(၃၆)တွင် ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် ပြည်သူအားလုံးပါဝင်ရရှိ ခံစားနိုင်ရေးအတွက် အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများချမှတ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များအသုံးပြုကာ မဟာဓာတ်အားလိုင်းပြင်ပစနစ် ကျေးလက်မီးလင်းရေး ကာလတို၊ ကာလရှည် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုမ္ပဏီများအနေဖြင့် လာမည့် ဘဏ္ဍာရေးနှစ်များတွင် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ အသေးစားဓာတ်အားစနစ် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို နည်းမှန်လမ်းမှန် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းကောင်းများ အပါအဝင် အကြံကောင်း ဉာဏ်ကောင်းများ ရရှိရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသော ကုမ္ပဏီများက တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ကျေးလက်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အသေးစားဓာတ်အားစနစ် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော ကုမ္ပဏီ ၁၃ ခုမှ ကိုယ်စားလှယ် ၂၆ ဦးတို့က အဖွဲ့ငါးဖွဲ့ခွဲ၍ အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းအကြံပြုချက်များ၊ အသေးစားဓာတ်အားစနစ်၏ စီမံကိန်းထောက်ပံ့ငွေ သဘောတူစာချုပ်အပေါ် မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်ကနိုဂုံးချုပ်အမှာစကား ပြောကြားသည်။

၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ်အထိ ခြောက်နှစ်တာ ကာလအတွင်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၉၁၆၃ ရွာ၊ အိမ်ခြေပေါင်း ၄၁၈၃၆၃ အိမ်၊ အသေးစားဓာတ်အားစနစ်ဖြင့် စီမံကိန်းလုပ်ငန်းပေါင်း ၁၂၆ ခု၊ ကျေးရွာပေါင်း ၁၆၂ ရွာ၊ အိမ်ခြေပေါင်း ၃၈၉၁၃ အိမ်၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးကာ စုစုပေါင်းကျေးရွာ ၉၃၂၅ ရွာ၊ အိမ်ခြေပေါင်း ၄၅၇၂၇၆ အိမ်၊ လူဦးရေ ၂ ဒသမ ၃ သန်းခန့်ကို အကျိုးပြုနိုင်ခဲ့ပြီး စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘာသာရေးအဆောက်အဦစသည်တို့အတွက်လည်း အများသုံး ဆိုလာစနစ် ၁၆၀၈၈ ခု၊ လမ်းမီးတိုင်ပေါင်း ၅၃၉၂ တိုင်ကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းပေါင်း ၁၃၃၈ ခုအတွက်လည်း လျှပ်စစ်ဓာတ်အား ရရှိရေးကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရန်ကုန်၊ မန္တလေးနှင့် လုမ္ဗိနီ တိုက်ရိုက်လေကြောင်းပျံသန်းရေး အမြင်ချင်းဖလှယ် ဆွေးနွေး



**နေပြည်တော်  အောက်တိုဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် လုမ္ဗိနီအပြည်ပြည်ဆိုင်ရာလေဆိပ်အကြား တိုက်ရိုက်လေကြောင်းပျံသန်းရေး၊ ခရီးသွားလုပ်ငန်းတိုးတက်မှုကို အခြေခံ၍ လုမ္ဗိနီ-ဂါယာ-ရန်ကုန်/ မန္တလေး/ နေပြည်တော် လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ လေကြောင်းသဘောတူစာချုပ်အသစ်တစ်ရပ် ချုပ်ဆိုရေး၊ ဒေသထွက်ကုန်များ အပြန်အလှန်တင်ပို့နိုင်ရေးနှင့် နီပေါနိုင်ငံတွင်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

---

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများတွေ့ဆုံပြီး ကြုံတွေ့နေရသော အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)သို့ ရောက်ရှိကာ ကုန်စည်ဒိုင်အတွင်း ကောက်ပဲသီးနှံများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီး ကုန်စည်ဒိုင်အသင်းဝင် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီနေ့အကြိုညစ္စာ်ပွဲသို့ တက်ရောက်သည်။ **(အပေါ်ယာပုံ)**



ထို့နောက် အသင်းဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် တွေ့ဆုံကာ ပြည်တွင်းကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး ကုန်စည်ဒိုင်အမှုဆောင်များက တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ပြီး ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့်အတူ မန္တလေးမြို့ရှိ မန္တလေးမင်္ဂလာဟိုတယ်၌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အတွင်းရှိ ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ပြည်တွင်းကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြန်မာ့အာမခံလုပ်ငန်းအပါအဝင် အာမခံကုမ္ပဏီ ၂၅ ခုမှ အာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အကြိမ်(၃၀)မြောက် (ပုံမှန်)အစည်းအဝေး (၂/၂၀၂၂)ကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူး၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ တက်ရောက်ခဲ့ကြသည်။





အစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** အတွင်းရေးမှူးက ယခင်အစည်းအဝေး (၂၉)ကြိမ်မြောက် (၁/၂၀၂၂)၏ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ လိုင်စင်ရအာမခံကုမ္ပဏီများဖြစ်သည့် CB Life Insurance Co., Ltd. က ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းအတွက် ထပ်ဆောင်းအကာအကွယ် အာမခံအမျိုးအစားသစ် လုပ်ကိုင်ခွင့်ပြုရန်၊ KBZ MS General Insurance Co.,Ltd က အသေးစား ကျန်းမာရေးအာမခံအမျိုးအစားသစ် လုပ်ကိုင်ခွင့်ပြုရန်၊ Prudential Myanmar Life Insurance Limited က Step-up Wrapper Campaign ပြုလုပ်ခွင့်ရရှိရန်နှင့် First National Insurance General Co., Ltd. က FNI Marketing Counter ဖွင့်လှစ်ခွင့်ပြုရေး တင်ပြခဲ့ကြသည်။ ထို့နောက် ပြည်တွင်းအာမခံကုမ္ပဏီ လုပ်ငန်းလိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ခွင့်ပြုရန်ကိစ္စ၊ အာမခံလက်ခံခြင်းနှင့် မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းကိစ္စ၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် လျှောက်ထားခြင်းကို လိုင်စင်ထုတ်ပေးနိုင်ရေးကိစ္စ၊ အာမခံကိုယ်စားလှယ်သင်တန်းကျောင်း ဖွင့်လှစ်ခွင့်တင်ပြခြင်းကိစ္စနှင့် မှတ်တမ်းတင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယခုအခါ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍတွင် ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီ ရှစ်ခု၊ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ ငါးခုနှင့် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် အာမခံကုမ္ပဏီ ၂၅ ခုမှ အာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ အာမခံအမျိုးအစား ၃၉ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော်  အောက်တိုဘာ ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် – တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာ့ရိုးရာယဉ်ကျေးမှုဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုဆွတ်ခူးရရှိခဲ့သည့် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များကိုဂုဏ်ပြု

**တောင်ကြီး အောက်တိုဘာ ၂၁**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုဆွတ်ခူးရရှိခဲ့သည့် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်များ၏ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး၊ ပိုမိုခိုင်မာသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြိုင်ပွဲအသီးသီးတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်မောင်မယ် အမျိုးသား ၃၉ ဦးနှင့် အမျိုးသမီး ၆၂ ဦး စုစုပေါင်း ၁၀၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတစ်ခု၊ ငွေရှစ်ခု၊ ကြေးငါးခု၊ နှစ်သိမ့်ဆု ငါးဆု စုစုပေါင်း ဆု ၁၉ ခု ရရှိခဲ့သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အခြေခံပညာအဆင့် ဒိုးပတ်ပြိုင်ပွဲတွင် ထပ်အိမ်ဂူဘုန်းတော်ကြီးသင် ပညာရေးကျောင်းအဖွဲ့အနေဖြင့် ပထမဦးဆုံးယှဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး အခြားဆိုင်းဝိုင်းအဖွဲ့လိုက်၊ အိုးစည်အဖွဲ့လိုက်၊ ဆိုင်းဝိုင်းတစ်ဦးချင်းနှင့် ပလွေပြိုင်ပွဲအားလုံးတွင်လည်း ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ပါကြောင်း၊ (၂၃)ကြိမ်မြောက် အတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ထပ်အိမ်ဂူအဖွဲ့က ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့သော အဖွဲ့အဖြစ်မှတ်တမ်းတင်ဂုဏ်ပြုရမည်ဖြစ်သလို အခြားသော အဆို၊ အကနှင့် အရေးပြိုင်ပွဲများတွင် ထိုက်သင့်သောအောင်မြင်မှု ရရှိခဲ့ကြသည့် ပြိုင်ပွဲဝင် မောင်မယ်များကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ကြီးကြပ်သူများကို ဆုများပေးအပ်ချီးမြှင့်သည်။



ဆက်လက်ပြီး ရှမ်းပြည်နယ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်နိုင်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယ ပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုးက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အတွေ့အကြုံများ ရှင်းလင်းတင်ပြပြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရှင် မစုယွန်းရွှေရည်က အကအလှများဖြင့်လည်းကောင်း၊ ရွှေတံဆိပ်ရှင် ဒိုးပတ်အဖွဲ့မှ အတီးဖြင့်လည်းကောင်း ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ကျွမ်းကျင်လုပ်သားများ မွေးထုတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲနှင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် စက်ရုံ၊ အလုပ်ရုံများအား အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း သုဝဏ္ဏခန်းမ၌ ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်ရန် လျာထားပြီး အလုပ်အကိုင်အမျိုးအစားအလိုက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် လုပ်သားများ၏ လူမှုစီးပွားဘဝတိုးတက်စေနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ ကျွမ်းကျင်လုပ်သား အများဆုံးလိုအပ်သော အလုပ်အကိုင်များကိုသာ ဦးစားပေး စစ်ဆေးအကဲဖြတ်လျက်ရှိကြောင်း။

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သား မွေးထုတ်ရေးလုပ်ငန်းသည် အလုပ်ရှင်၊ အလုပ်သမား၊ နိုင်ငံတော်အတွက် များစွာအကျိုးရှိစေ၍ ကျွမ်းကျင်မှု အသိအမှတ်ပြုခံရသည့် လုပ်သားများအနေဖြင့် အခြေခံကျွမ်းကျင်လုပ်သားအဆင့်မှ ကျွမ်းကျင်လုပ်သား၊ ဘက်စုံကျွမ်းကျင်လုပ်သား၊ ကြီးကြပ်သူနည်းပညာရှင် (ကျွမ်းကျင်မှုအဆင့်-၄ အထိ) အသိအမှတ်ပြုခံရရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ မြန်မာ့လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပုဂ္ဂလိကသင်တန်းကျောင်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့အသက်မွေးဝမ်းကျောင်း လုပ်ငန်းအလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များရယူရန် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုပြုနိုင်ရေး လုပ်ဖော်ကိုင်ဖက် လုပ်သားများကို အသိပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျွမ်းကျင်လုပ်သား ၅၄၃ ဦး၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ရှစ်ခု၊ Inspector ခုနစ်ဦးနှင့် Assessor ၁၄ ဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခဲ့ပြီး ASEAN လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ခံများကို ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ အလုပ်အကိုင် အမျိုးအစားပေါင်း ၃၁ မျိုးအတွက် လုပ်သား ၂၁၀၉၇ ဦးကို စစ်ဆေးအကဲဖြတ်၍ ကျွမ်းကျင်မှုအဆင့်-၁ လုပ်သား ၁၇၉၃၉ ဦး၊ ကျွမ်းကျင်မှုအဆင့်-၂ လုပ်သား ၁၂၃၇ ဦးနှင့် ကျွမ်းကျင်မှုအဆင့်-၃ လုပ်သား ငါးဦး အပါအဝင် အရည်အသွေးပြည့်ဝသူ ၁၉၁၈၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၁၉၉ ခုကို အသိအမှတ်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံအရှေ့မြို့နယ်ရှိ West Wood Myanmar Co.,Ltd၊ Sanyuan Oversea Myanmar Co.,Ltd နှင့် General Enterprise Garnment သို့ ရောက်ရှိပြီး လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် အလုပ်ရှင်နှင့် လုပ်သားများမှ ကောင်းမွန်သည့် လုပ်ငန်းခွင် ဆက်ဆံရေးတည်ဆောက်ရန်လိုကြောင်း၊ ကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်နိုင်သည်နှင့်အမျှ ထုတ်ကုန်များကို အရည်အသွေးမီ၊ အချိန်မီ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ အလုပ်သမားရေးရာဥပဒေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မိမိတို့ဦးစီးဌာန၊ အဖွဲ့ရုံးများသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ ၁၃၀၀ ကျော်ဖွဲ့စည်းနိုင်ခဲ့ပြီး ဦးစီးဌာနမှ လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေတိုင်းတာအကဲဖြတ်ခြင်းကို အကြိမ် (၉၀၀) ကျော် တိုင်းတာပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ရေးပြကွင်း၌ ကျင်းပရာ ဦးစွာသင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုကြပြီး ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်ဇော်အား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို ဦးကျော်မိုးလှိုင်၊ ဒုတိယရဲမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနကိုလည်းကောင်း၊ သင်တန်းသူစံပြဆုကို ဒေါ်ဥမ္မာအေး၊ ဦးစီးအရာရှိ၊ ဗဟိုစက်ပစ္စည်းစာရင်းနှင့် စစ်ဆေးရေးဦးစီးဌာနကိုလည်းကောင်း ချီးမြှင့်သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

ယင်းသင်တန်း ဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၆၂ ဦး၊ သင်တန်းသူ ၂၀၁ ဦး စုစုပေါင်း ၃၆၃ ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ မေ ၂ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ In-House Learning ဖြင့်လည်းကောင်း သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သရက်ချောင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၁**
နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အောက်သရက်ချောင်းကျေးရွာနေ ဝဲပကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာဖြစ်သည့် ဦးနောင်နောင်စိုး(၄၀)နှစ် (ဘ)ဦးလှစိုးသည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ၁၀ ဦးခန့်က ၎င်း၏နေအိမ်အတွင်း ဝင်ရောက်ကာ သေနတ်ဖြင့်ပစ်ခတ်ပြီးနောက် အကြမ်းဖက်သမားများသည် အဆိုပါကျေးရွာနေ ဦးစိုးထိုက် (၃၇)နှစ် (ဘ)ဦးစိုးမြင့်၏ နေအိမ်သို့ထပ်မံဝင်ရောက်ကာ ဦးစိုးထိုက်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး ပြန်လည်ထွက်ခွာသွားခဲ့သဖြင့် ဦးနောင်နောင်စိုးတွင် ဦးခေါင်းနှင့် ရင်ဘတ်၌ ကျည်ထိမှန်ဒဏ်ရာ နှစ်ချက်ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဦးစိုးထိုက်တွင် ဝမ်းဗိုက်နှင့်ဝဲပေါင်တို့၌ ကျည်ထိမှန်ဒဏ်ရာ နှစ်ချက်ရရှိခဲ့သဖြင့် ထားဝယ်ခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံး အနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့် ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၁**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ နီနီဝင်းရွှေသည် ၎င်းအသုံးပြုသည့် "NI NI WS" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် အာရှလူငယ်စစ်တုရင်ပြိုင်ပွဲ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် အောက်တိုဘာ ၂၁**
အင်ဒိုနီးရှားနိုင်ငံ ဘာလီ၌ အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် ၂၀၂၂ ခုနှစ် အာရှသက်တမ်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်( Asia Youth Chess Championship – 2022) ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုစစ်တုရင် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



အမျိုးသား အသက် ၁၆ နှစ်အောက်ပြိုင်ပွဲတွင် မြန်မာမှ ဇော်ရဲထွန်း နှင့် အင်ဒိုနီးရှားကစားသမား ယှဉ်ပြိုင်စဉ်။

အဆိုပါပြိုင်ပွဲသို့ မြန်မာမှ လူငယ်ကစားသမားအသက် ၁၈ အောက်တွင် စိုင်းဟန်သီဟ၊ အသက် ၁၆ နှစ်အောက်တွင် ဇော်ရဲထွန်း၊ အသက် ၁၀ နှစ်အောက်တွင် ဟိန်းသန့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင်အမျိုးသား အသက် ၁၈ နှစ်အောက်ပြိုင်ပွဲတွင် စိုင်းဟန်သီဟက ကိုးပွဲကစား သုံးပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ငါးမှတ်ရရှိခဲ့ပြီး Fial Ranking ၁၂ ဖြင့် ရရှိခဲ့ပြီး အမျိုးသား အသက် ၁၆ နှစ်အောက် ပွဲစဉ်တွင် ဇော်ရဲထွန်းက ကိုးပွဲကစား သုံးပွဲနိုင်လေးပွဲသရေ နှစ်ပွဲရှုံး ငါးမှတ်ဖြင့်Fial Ranking ၁၇ ရရှိခဲ့ကာ အသက် ၁၀ နှစ်အောက်တွင် ပြိုင်ပွဲဝင် ၅၆ ဦးတွင် ဟိန်းသန့်က အဆင့် ၅၂ ရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက် ၈ နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၆ နှစ်၊ ၁၈နှစ် ပါဝင်ခဲ့ပြီး မြန်မာမှ ပြိုင်ပွဲသုံးမျိုးသာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ "ဒီပြိုင်ပွဲပြီးသွားရင် ချင်းမိုင်မှာကျင်းပမယ့် ထိုင်းအိုးပင်းပြိုင်ပွဲရှိတယ်။ အဲဒီပြိုင်ပွဲကိုလည်း သွားပြိုင်မယ်။ ဒ့ါအပြင် နိုဝင်ဘာလဆန်းမှာ ဘန်ကောက်မှာ အရှေ့အာရှ လူငယ်ပြိုင်ပွဲရှိတယ်။ လူငယ်ကစားသမားတွေ သွားပြိုင်ကြမယ်။ အဲဒီမှာ ချန်ပီယံဖြစ်ရင်တော့ အင်တာနေရှင်နယ် မာစတာ တိုင်တယ်ကို တိုက်ရိုက်ရတဲ့အထိကို အခွင့်အရေးရှိတော့ ဒါက သူတို့အတွက် အခွင့်အရေးတစ်ခု ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ကပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မွန်ဂိုလီယား၊ ကာဇက်စတန်၊ မလေးရှား၊ ထိုင်း၊ အီရန်၊ ဩစတေးလျ၊ စင်ကာပူ၊ နယူးဇီလန်၊မော်ဒိုက်၊စရီလန်ကာနိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် တနင်္သာရီအသင်းကို မြဝတီအသင်း ဂိုးပြတ်သွင်း

**နေပြည်တော် အောက်တိုဘာ ၂၁**
၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ဒုတိယနေ့အဖြစ် မြဝတီအသင်းနှင့် တနင်္သာရီအသင်းတို့ အောက်တိုဘာ ၂၁ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက ၁၃ ဂိုး– ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းသည် ဇယားထိပ်ဆုံးသို့ တက်လှမ်းနိုင်ရန် အမှားအယွင်းမရှိ နိုင်ပွဲဆက်နေပြီး ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် မြဝတီအသင်းသည် အသင်းသစ်တနင်္သာရီကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြဝတီအသင်းသည် ပထမပိုင်းတွင် လေးဂိုးသာသွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ကိုးဂိုးအထိ သွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၊ ၃၅ မိနစ်တွင် နော်ထက်ထက်ဝေ၊ ၁၀ မိနစ်တွင် လှယဉ်ဝင်း၊ ၄၅+၂၊ ၄၈၊ ၈၂ မိနစ်တွင် ခိုင်သဇင်၊ ၅၀၊ ၅၅၊ ၇၅ မိနစ်တွင် စန်းသော်သော်၊ ၆၃ မိနစ်တွင် အေးအေးမိုး၊ ၇၁ မိနစ်တွင် အေးမျိုးမြတ်၊ ၈၈ မိနစ်တွင် မေစံပယ်ဖူး၊ ၉၀+၄ မိနစ်တွင် ဆုမြတ်နိုးတို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက လေးပွဲကစား ရမှတ် ၁၀ မှတ်ရထားပြီး တနင်္သာရီအသင်းမှာမူ လေးပွဲကစား လေးပွဲရှုံးကာ အမှတ်မရသေးပေ။ ပွဲစဉ်(၅) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် YERO အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# MNL ပြိုင်ပွဲ ပွဲစဉ်(၁၇) အောက်တိုဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**
၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ကို အောက်တိုဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အောက်ဆုံးမှ ရခိုင်ယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေသည်။

ပွဲစဉ်(၁၇)အဖြစ် အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဧရာဝတီအသင်းနှင့် GFA အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသည် ဇယားအောက်ဆုံးမှ ရခိုင်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရပါက ချန်ပီယံဆုအတွက် အခြေအနေကောင်းသွားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးပွဲမှာ ဟံသာဝတီနှင့် မြဝတီပွဲဖြစ်လာနိုင်ပြီး တတိယနေရာအတွက် အရေးပါသည့်ပွဲဖြစ်နေသည်။ ဟံသာဝတီအသင်းသည် ဒုတိယအကျော့ပွဲအားလုံး အနိုင်ရထားပြီး ယခုပွဲအနိုင်ရပါက ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသည့် မဟာယူနိုက်တက်၊ GFA အသင်းတို့၏ ရုန်းကန်မှုများကိုလည်း ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# မြေချဉ်နှင့် ဆားပေါက်မြေဆီလွှာများအား ထုံးနှင့် ဂျစ်ပဆန်အသုံးပြု၍ ပြုပြင်ခြင်း


မြင့်မြင့်ထွန်း (မြေအသုံးချရေးဌာနခွဲ)

**ယနေ့ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်လွန်ကဲစွာ မြင့်တက် ခြင်း၊ ရေကြီးရေလျှံခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရရှိသည့်မိုးရေချိန် ပမာဏအနည်း အများအပေါ်မူတည်၍ စိုက်ပျိုးမြေများတွင် မြေချဉ်ခြင်း၊ မြေငန်ခြင်းပြဿနာများလည်း ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရပါသည်။**

### မြေချဉ်ခြင်း

'မြေချဉ်ခြင်း' ဆိုသည်မှာ မြေဆီလွှာအရည်ထဲတွင် ဟိုက်ဒရိုဂျင်အိုင်းယွန်း ပမာဏများလာခြင်းကြောင့် ဖြစ်ပါသည်။ မြေချဉ်ဖြစ်စေသော အကြောင်းရင်းများမှာ အငန်ဓါတ်များ ရေနှင့်အတူ စိမ့်ဝင်ပျောက်ဆုံးပြီး မြေမှုန်များတွင် ဟိုက်ဒရိုဂျင်နှင့် အလူမီနီယမ်အိုင်းယွန်းများ အစားထိုးဝင်ရောက်လာခြင်း၊ သီးနှံပင်များမှ အာဟာရဓာတ်များ စားသုံးဖယ်ရှားခြင်း၊ အချဉ်ဓာတ်ဖြစ်စေသော အမိုးနီးယားအခြေခံ(ယူရီးယား၊ ဆာလ်ဖာ) ဓာတ်မြေဩဇာများ သုံးစွဲခြင်း၊ စိုက်ပျိုးသီးနှံပင် အကြွင်းအကျန်များ ဆွေးမြည့်သည့်ဖြစ်စဉ်မှ ဟိုက်ဒရိုဂျင်အိုင်းယွန်းများ ထွက်လာခြင်းနှင့် ရှင်သန်ကြီးထွားနေသည့် သီးနှံပင်အမြစ်များမှ အချဉ်ဓာတ်များ ထုတ်လွှတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

စိုက်ပျိုးမြေများတွင် မြေချဉ်ခြင်းကြောင့် စိုက်ပျိုးသီးနှံပင်များ ကောင်းစွာကြီးထွားရှင်သန်နိုင်မှု မရှိခြင်း၊ မြေဆီလွှာအတွင်းရှိ အဏုဇီဝပိုးများ၏ လုပ်ဆောင်ချက်များ ကျဆင်းလာခြင်း၊ အလူမီနီယမ်၊ မန်းဂနိစ်နှင့် သံဓာတ်များ ပျော်ဝင်မှုများလာ၍ အပင်များကို အဆိပ်အတောက်ဖြစ်စေလာခြင်း၊ ကယ်လ်စီယမ်၊ မက်ဂနီစီယမ်နှင့် ပိုတက်စီယမ်ဓာတ်များ ပါဝင်မှုနည်းပါးလာသဖြင့် သီးနှံပင်အာဟာရဓာတ်များ ချို့တဲ့လာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသော ပေါင်းသတ်ဆေးနှင့် နီမတုတ်သတ်ဆေးတို့၏ အာနိသင်များ ကျဆင်းလာခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။




မြေချဉ်ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ။

### မြေချဉ်များအား ပြုပြင်ခြင်း

မြေဆီလွှာအချဉ်ပေါက်နေသော မြေများအား ပြုပြင်ရာတွင် အချဉ်ဓာတ်ကို ဓာတ်ပြယ်စေရန်နှင့် ချေဖျက်ရန် ထုံးကို အများဆုံး အသုံးပြုကြပါသည်။ မြေချဉ်ငန်ကိန်း (pH) ၅ ဒသမ ၅ အောက် ရောက်ရှိသော မြေချဉ်များကို ထုံးထည့်ခြင်းဖြင့် ပြုပြင်နိုင်သော်လည်း မြေချဉ်ငန်ကိန်း (pH) ၆ ထက်ပိုသော စိုက်ပျိုးမြေများတွင် ထုံးထည့်ခြင်းကို မဆောင်ရွက်သင့်ပါ။ ထို့ပြင် စိုက်ပျိုးမြေများ၏ အပေါ်ယံမြေဆီလွှာ (၄-၆)လက်မတွင် မြေချဉ်ပါက ပြုပြင်ဆောင်ရွက်၍ရသော်လည်း အောက်ဘက်ရှိ မြေဆီလွှာ အချဉ်ပေါက်ခြင်းကို ပြုပြင်ရန် ခက်ခဲပါသည်။ ထုံးထည့်၍ မြေချဉ်များကို ပြုပြင်ခြင်းသည် မြေချဉ်များ၏ မြေချဉ်ငန်ကိန်းကို သမမျှတစေရန် အသုံးများဆုံး နည်းတစ်ခုဖြစ်ပြီး ထုံးကျောက် (Limestone– $CaCO_3$)၊ မဖောက်ထုံး (Quick Lime– CaO)၊ ဖောက်ထုံး (Hydrated or Slaked Lime – $Ca(OH)_2$)၊ Dolomite (Lime–stone – $CaMg(CO_3)_2$)တို့ကို အသုံးပြုနိုင်ပါသည်။

သို့ရာတွင် ထည့်သွင်းမည့် ထုံးပမာဏအနည်းအများသည် အသုံးပြုမည့်ထုံး၏ သန့်စင်မှုနှင့် မှုန်ညက်မှု၊ မြင့်စေချင်သည့် မြေချဉ်ငန်ကိန်း(pH)၊ ထည့်သွင်းမည့် မြေအမျိုးအစားနှင့် အစိုဓာတ်ရရှိမှု အပေါ်မူတည်ပါသည်။ ထို့ကြောင့် ထုံးထည့်၍မြေချဉ်များကို မပြုပြင်မီ မြေနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးထားသည့် အဖြေ၊ မြေသားအနုအကြမ်းနှင့် အော်ဂဲနစ်သစ်ဆွေးဓာတ်များပါဝင်မှုအပေါ်မူတည်၍ ထုံးထည့်ခြင်းကို ဆောင်ရွက်သင့်ပါသည်။ ဆိုလိုသည်မှာ သဲဆန်သော မြေများတွင် ထုံးပမာဏကို လျှော့ချ၍ ထည့်သွင်းနိုင်သော်လည်း ရွှံ့စေးမြေများနှင့် အော်ဂဲနစ်များသော မြေများတွင် ထုံးပမာဏ ပိုမိုထည့်သွင်းရမည် ဖြစ်ပါသည်။

တစ်ကေတွင် မြေချဉ်ငန်ကိန်း pH တစ်ယူနစ်တက်လာစေရန် သဲဆန်သောမြေတွင် ထုံးပိဿာ(၁၅၀–၃၀၀)၊ နုန်းမြေတွင် ပိဿာ (၃၀၀–၅၀၀)နှင့် ရွှံ့စေးမြေတို့တွင် ပိဿာ(၆၅၀) ခန့်ထည့်သွင်းနိုင်ပါသည်။ ထို့ပြင် ထည့်သွင်းရမည့် အကြိမ်အရေအတွက်သည် မြေသားအနု အကြမ်း၊ နိုက်ထရိုဂျင်မြေဩဇာ အသုံးပြုမှုအခြေအနေနှင့် ယခင်စိုက်ပျိုးသီးနှံမှ စားသုံးဖယ်ထုတ်လိုက်သည့် အာဟာရဓာတ်ပမာဏအပေါ် မူတည်သဖြင့် ထုံးဖြင့် မြေချဉ်ပြုပြင်ရာတွင် တစ်ကြိမ်တည်း ထည့်သွင်းခြင်းထက် သုံးနှစ်ဆက်တိုက် သုံးကြိမ်ခွဲထည့်ပေးသင့်ပါသည်။

ထုံးဖြင့်မြေချဉ်များကို ပြုပြင်ခြင်းအားဖြင့် အဆိပ်အတောက်ဖြစ်နေသည့် $Al^{3+}$ နှင့် $H^{+}$ များကို ဖလှယ်ထုတ်နိုင်ပြီး မြေချဉ်ငန်ကိန်း pH တက်စေခြင်း၊ သီးနှံပင်ကြီးထွားမှုအတွက်လိုအပ်သည့် $Ca^{2+}$ နှင့် $Mg^{2}$ ပိုမိုရရှိစေနိုင်ခြင်း၊ မြေသားတည်ဆောက်မှုနှင့် ရေထိန်းစွမ်းအားကောင်းလာသည့်အပြင် အဏုဇီဝသက်ရှိများ၏ လုပ်ငန်းဆောင်ရွက်မှုများ ကောင်းလာသဖြင့် နိုက်ထရိုဂျင်ဖမ်းယူနိုင်မှု ပိုမိုအားကောင်းစေလာပြီး မြေဆီလွှာ၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ပိုမိုကောင်းမွန်လာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

### မြေငန်ခြင်း

ထိုမြေချဉ်ခြင်းဖြစ်စဉ်များအပြင် ရွာသွန်းမိုးရေချိန်ထက် ပင်ငွေ့ပျံနှုန်းများသည့် အပူပိုင်းဇုန်ဒေသများတွင် ရေရရှိမှုနည်းပါးသဖြင့် မြေဆီလွှာအတွင်းရှိ ဆားများပျော်နေသောရေများ မြေပေါ်သို့ ရောက်ရှိလာပြီး အပူချိန် မြင့်မားမှုတို့ကြောင့် ရေများအငွေ့ပျံ့ပျောက်ဆုံးပြီး မြေပေါ်တွင် ဆားများသာ စုဝေးကျန်ခဲ့ခြင်းဖြင့် ဆားဆပ်ပြာပေါက်မြေများ ဖြစ်ပေါ်လာစေပါသည်။ ထိုကုန်းတွင်းပိုင်း ဆားပေါက်မြေများကို မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင်တွေ့ရှိနိုင်ပြီး ဒီရေနှင့် မုန်တိုင်းကြောင့် ပင်လယ်ဆားငန်ရေ ဝင်ရောက်သည့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း တွေ့ရှိနိုင်ပါသည်။ ထို့ပြင် ရေသွင်းစိုက်ပျိုးသည့် ဒေသများတွင် မြေအောက်ရေထုတ်ယူသုံးစွဲမှုများလာပြီး မြေအောက်ရေလွှာမြင့်တက်လာခြင်းနှင့်အတူ မြေဆီလွှာအောက်ပိုင်းရှိ ဆားများ အပေါ်ယံသို့ ရောက်ရှိအနည်ကျ၍ ဆားပေါက်နိုင်ပြီး စနစ်မကျသည့် မြေယာအသုံးချမှုပုံစံနှင့် စီမံခန့်ခွဲမှုတို့ကြောင့်လည်း ဆားပေါက်မြေများ ဖြစ်ပေါ် နိုင်ပါသည်။

**"ဆားပေါက်ခြင်း"** ဆိုသည်မှာ ရေပျော်ဆားများ ပါဝင်သည့် မြေများကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ပါဝင်သည့် ဆားအမျိုးအစားနှင့် မြေချဉ်ငန်ကိန်းအပေါ်မူတည်၍ ဆားပေါက်မြေကို အုပ်စုနှစ်စု ခွဲခြားနိုင်ပြီး မြေချဉ်ငန်ကိန်း pH သည် ၈ ဒသမ ၅ ထက်နည်း၍ စုစုပေါင်းဆားပါဝင်မှု/လျှပ်စစ်ဖြတ်စီးဆင်းမှု (EC) သည် 4 $dSm^{-1}$ ထက်များပြီး ဖလှယ်ထုတ်နိုင်သော ဆိုဒီယမ်နှင့် တွယ်ကပ်နိုင်သော ဆိုဒီယမ်ပါဝင်မှုအချိုးနည်းပါးသည့်မြေကို ဆားပေါက်မြေ (Saline Soil) ဟု သတ်မှတ်နိုင်သော်လည်း EC တန်ဖိုး 4 $dSm^{-1}$ ထက်များပြီး ဖလှယ်ထုတ်နိုင်သော ဆိုဒီယမ်နှင့် တွယ်ကပ်နိုင်သော ဆိုဒီယမ်ပါဝင်မှုအချိုးများသည့် မြေများကို ဆပ်ပြာပေါက်မြေ (Sodic Soil) ဟု သတ်မှတ်နိုင်ပါသည်။ ဆားပေါက်မြေများသည် ယေဘူယျအားဖြင့် အဖြူရောင်ရှိပြီး မြေသားဖွဲ့စည်းမှု၊ လေဝင်လေထွက်နှင့် ရေစိမ့်ဝင်နိုင်မှုကောင်းသည့် မြေအမျိုးအစားဖြစ်သော်လည်း ဆပ်ပြာပေါက်မြေများသည် အမည်းရောင်ရှိ၍ မြေသားတည်ဆောက်ပုံညံ့သဖြင့် အလွယ်တကူ ကွဲအက်ကြေပျက်နိုင်ပြီး လေဝင်လေထွက်နှင့် ရေစိမ့်ဝင်မှုသည်လည်း အလွန်ညံ့သည့် မြေမျိုးဖြစ်ပါသည်။

မြေဆီလွှာတွင် ဆားပေါက်ခြင်းကြောင့် သီးနှံပင်မှ ရေသောက်သုံးရန်ခက်ခဲလာခြင်း၊ မြေတွင်အစိုဓာတ်ရှိသော်လည်း သီးနှံပင်များ အပင်ညှိုးခြောက်ဝါလာ၍ အပင်ပုခြင်း၊ အပင်ပေါက်ခြင်းကို အဟန့်အတားဖြစ်စေခြင်း၊ အာဟာရဓာတ်နှင့် ရေစုပ်ယူနိုင်စွမ်း ကျဆင်းလာခြင်း၊ ကလိုရင်း၊ ဆာလဖိတ်စသည့် အိုင်းယွန်းများ ပါဝင်မှုများလာ၍ အပင်ကြီးထွားမှုနှင့် သဘာဝပေါက်ပင်များ ပေါက်ရောက်မှုကို အဟန့်အတားဖြစ်စေခြင်းအပြင် ရေအရည်အသွေးကိုပါ ကျဆင်းစေနိုင်ပါသည်။ ဆပ်ပြာပေါက်မြေများတွင် ဆိုဒီယမ်ပါဝင်မှုများလာသဖြင့် မြေမှုန်များ တွယ်ကပ်မှုအားနည်းလာပြီး မြေသားတည်ဆောက်မှု ပုံပျက်လာခြင်း၊ မြေစေးများအလွှာလိုက် သိပ်သည်းပိတ်ဆို့လာခြင်း၊ ရေနှင့် လေဝင်လေထွက်ညံ့လာသဖြင့် ရေများအမြစ်ဇုန်သို့ မဆင်းနိုင်တော့ဘဲ မြေမျက်နှာပြင်ပေါ်တွင် ဗွက်ပေါက်လာခြင်း၊ မြေအောက်ရေလွှာတိမ်ပါက ရေပြည့်ဝချိန်တွင် မြေကျုံ၍ ခြောက်သွေ့ချိန်တွင် တုန်ခါသည့် ဒုံပေါက်မြေများဖြစ်လာခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။

*စာမျက်နှာ ၁၁ သို့*

❒ **မြေဆီလွှာအချဉ်ပေါက်နေသော မြေများအား ပြုပြင်ရာတွင် အချဉ်ဓာတ်ကို ဓာတ်ပြယ်စေရန်နှင့် ချေဖျက်ရန် ထုံးကို အများဆုံးအသုံးပြုကြပါသည်။ မြေချဉ်ငန်ကိန်း(pH) ၅ ဒသမ ၅ အောက် ရောက်ရှိသော မြေချဉ်များကို ထုံးထည့်ခြင်းဖြင့် ပြုပြင်နိုင်သော်လည်း မြေချဉ်ငန်ကိန်း (pH) ၆ ထက်ပိုသော စိုက်ပျိုးမြေများတွင် ထုံးထည့်ခြင်းကို မဆောင်ရွက်သင့်ပါ။ ထို့ပြင် စိုက်ပျိုးမြေများ၏ အပေါ်ယံမြေဆီလွှာ (၄-၆)လက်မတွင် မြေချဉ်ပါက ပြုပြင်ဆောင်ရွက်၍ရသော်လည်း အောက်ဘက်ရှိ မြေဆီလွှာအချဉ်ပေါက်ခြင်းကို ပြုပြင်ရန် ခက်ခဲပါသည်**




ဆားပေါက်မြေဆီလွှာများကို ဂျစ်ပဆန်အသုံးပြု၍ ပြုပြင်ဆောင်ရွက်ခြင်း။

# ပုဂံယဉ်ကျေးမှုဒေသ၏အလှကို ဝေဟင်မှကြည့်ရှုခံစားနိုင်ရန် ဟိုတယ်များနှင့် မိုးပျံပူဖောင်းကုမ္ပဏီများ ပြင်ဆင်ထား

**ပုဂံ အောက်တိုဘာ ၂၁**

၂၀၂၂ ခုနှစ်၏ ပွင့်လင်းခရီးသွားရာသီအစဖြစ်သော နိုဝင်ဘာလဆန်းပိုင်းတွင် ပုဂံဒေသသို့ နိုင်ငံခြားသားခရီးသွားများ ပိုမိုဝင်ရောက်နိုင်မှုကို ရည်မှန်း၍ ပုဂံယဉ်ကျေးမှုဒေသ၏ သဘာဝအလှကို ဝေဟင်မှ ကြည့်ရှုခံစားနိုင်ရန် ခရီးသွားကဏ္ဍမြှင့်တင်မှုတစ်ရပ်အနေဖြင့် ပုဂံဒေသရှိ ဟိုတယ်များနှင့် မိုးပျံပူဖောင်းကုမ္ပဏီများ ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုဒေသ၏အလှကို မိုးပျံပူဖောင်းစီးနင်း၍ ကြည့်ရှုခံစားနိုင်ရန် မကြာမီရောက်ရှိတော့မည့် ပွင့်လင်းခရီးသွားရာသီအတွက် ပုဂံဒေသရှိ မိုးပျံပူဖောင်းကုမ္ပဏီအချို့က သီတင်းကျွတ်လပြည့်နေ့မှ စတင်ကာ ခရီးသွားဝန်ဆောင်မှုကို စတင်ခဲ့ခြင်းဖြစ်သည်။


ပုဂံဒေသ၏အလှကို ဝေဟင်မှကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီတစ်ခု၏ မိုးပျံပူဖောင်းများ။

၂၀၂၀ ခုနှစ် ခရီးသွားရာသီက ကမ္ဘာ့ကပ်ရောဂါကြောင့် ပုဂံ၌ မိုးပျံပူဖောင်းစီး၍ လေ့လာသော ခရီးသွားလုပ်ငန်းများ ရပ်နားထားခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းခရီးသွားများ စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ ခရီးသွားလာနိုင်ရန် လေကြောင်းလိုင်းများနှင့်အတူ ခရီးသွားလုပ်ငန်းများကို နိုင်ငံတော်က ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဘုရား၊ စေတီ၊ ပင်လယ်ကမ်းခြေနှင့် အပန်းဖြေစခန်းများသို့ ပြည်သူများ စိတ်အေးချမ်းစွာ သွားလာနိုင်ခဲ့ကြသည်။ နိုဝင်ဘာလမှ ဧပြီလအထိ ခရီးသွားရာသီတွင်လည်း ပြည်တွင်းခရီးသွားနှင့်အတူ ပြည်ပခရီးသွားများပါ စည်ကားသောနှစ်တစ်နှစ်ဖြစ်လာရန် ဌာနဆိုင်ရာများနှင့် ခရီးသွားလုပ်ငန်းအသီးသီးက ကြိုးပမ်းဆောင်ရွက်ထားသည်။

သီတင်းကျွတ်လပြည့် ရုံးပိတ်ရက်ကာလက ပုဂံသို့ ယမန်နှစ်ထက် ခရီးသွားထက်ဝက်ကျော် ဝင်ရောက်ခဲ့ပြီး ပြည်ပခရီးသွားကို အဓိကအားပြုလုပ်ကိုင်ရသည့် မိုးပျံပူဖောင်းဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်အသက်ဝင်လာလျက်ရှိသည်။ ပုဂံဒေသ၌ ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်အေးချမ်းစွာ အပန်းဖြေလေ့လာနိုင်ရန် မိုးပျံပူဖောင်းကုမ္ပဏီအချို့က ဝန်ဆောင်မှုပေးခဲ့ပြီး ပွင့်လင်းခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ပြည်တွင်းခရီးသွားများပါ အပန်းဖြေလေ့လာနိုင်သော ခရီးသွားလုပ်ငန်းအဖြစ် ပြန်လည်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။


သီတင်းကျွတ်လပြည့်နေ့က ပုဂံဒေသ၌ ပြန်လည်ပျံသန်းသော မိုးပျံပူဖောင်းများ။

"ခရီးသွားပွင့်လင်းရာသီမစမီမှာ ပြည်တွင်းခရီးသွားနဲ့ ခရီးသွားရာသီကို စတင်ခဲ့တယ်လို့ ဆိုရမှာပါ။ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံခြားခရီးသွားဝင်ရောက်မှု လျော့ကျခဲ့တယ်။ ဒီနှစ် ခရီးသွားရာသီမှာ ကိုဗစ်ရောဂါကျဆင်းလာမှုကြောင့် ခရီးသွားတွေဝင်ရောက်ရာမှာ ပြည့်ပြည့်ဝဝ ဝန်ဆောင်မှုပေးနိုင်အောင် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ပြည်တွင်းခရီးသွားတွေ မိုးပျံပူဖောင်းစီးနင်းပြီး ပုဂံအလှကို ကြည့်နိုင်အောင်ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ပြည်တွင်းခရီးသွားတစ်ယောက်ကို ကန်ဒေါ်လာ ၂၀၀ နဲ့ ဈေးနှုန်းလျှော့ပြီး စီးနိုင်အောင် ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ပုံမှန်ဆိုရင် နိုင်ငံခြားသားတစ်ဦးကို ကန်ဒေါ်လာ ၃၂၀ နဲ့ ၄၂၀ ဆိုပြီး Class နှစ်ခုကို ရောင်းပေးပါတယ်။ ဒီနှစ်မှာ ရိုးရိုး Class ပဲ ပျံသန်းပြီး ၁၆ ယောက်စီးနင်းရာမှာ တစ်ဦးကို ကန်ဒေါ်လာ ၂၀၀ နဲ့ ပြည်တွင်းခရီးသွားတွေ စီးနိုင်အောင် ဝန်ဆောင်မှုပေးခဲ့တယ်။ အောက်တိုဘာ ၁၇ ရက်ကစပြီး ၁၉ ရက်အထိ တစ်ဦးကို ကန်ဒေါ်လာ ၁၄၀၊ မြန်မာငွေ တစ်ဒေါ်လာ ၂၁၀၀ နှုန်းနဲ့ အွန်လိုင်းပရိုမိုးရှင်း လုပ်ခဲ့ပါတယ်။ သီတင်းကျွတ်လပြည့်နေ့ကစပြီး ပျံသန်းခဲ့တာပါ။ ပွင့်လင်းခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ပုဂံဒေသကို နိုင်ငံခြားခရီးသွား တစ်ဖွဲ့ဖွဲ့ ဝင်ရောက်လာမယ်ဆိုတဲ့ မျှော်မှန်းမှုနဲ့ ပြင်ဆင်ထားတာပါ"ဟု Bagan Sale Office မှ ဦးဝင်းဇော်ဦးက ပြောသည်။

နိုင်ငံခြားခရီးသွားများ မိုးပျံပူဖောင်းစီးနင်း၍ ပုဂံအလှကို ကြည့်ရှုရာတွင် မိုးပျံပူဖောင်းကုမ္ပဏီများက ဟိုတယ်သို့ သွားရောက်ကြိုဆိုပြီး မိုးပျံပူဖောင်းမတက်မီ လက်ဖက်ရည်၊ ကော်ဖီ၊ ကွတ်ကီးမုန့်ဖြင့် ဧည့်ခံကာ လေထဲတွင် ၄၅ မိနစ်မှ တစ်နာရီအထိ လေကြောင်းအပေါ်မှတည်၍ ပုဂံအလှကို ကြည့်ရှုစေပြီးနောက် ပျံဆင်းလာပါက အအေး၊ ဝိုင်၊ ငှက်ပျောသီးကိတ်နှင့် အခြားကိတ်မုန့်များဖြင့် ကျွေးမွေးဧည့်ခံကာ ဟိုတယ်သို့ ပြန်လည်ပို့ဆောင်ပေးသည်။

ဧရိယာစတုရန်း ၁၉ မိုင်ကျယ်ဝန်းသော ပုဂံယဉ်ကျေးမှုဒေသတွင် မိုးပျံပူဖောင်း ဝန်ဆောင်မှုပေးသောကုမ္ပဏီ လေးခုရှိပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၂၃ ခုနှစ် ဧပြီ ၁၀ ရက်အထိ မိုးပျံပူဖောင်းဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ပုဂံဒေသ၏ စေတီပုထိုးပေါင်း ၃၈၂၂ ဆူနှင့် ဧရာဝတီမြစ်၏ သဘာဝအလှကို ဝေဟင်မှကြည့်ရှုခံစားနိုင်ရန် မိုးပျံပူဖောင်းကုမ္ပဏီများက ခရီးသွားရာသီကာလတွင် ခရီးသွားကဏ္ဍမြှင့်တင်မှုတစ်ရပ်အနေဖြင့် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။


**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

---

*စာမျက်နှာ ၁၀ မှ*

### ဆားပေါက်မြေကို ပြုပြင်ခြင်း

ဆားပေါက်မြေများကို ပြုပြင်ရာတွင် ရေအရည်အသွေးကောင်းမွန်သည့် သွင်းရေများအသုံးပြု၍ ခိုင်ခန့်စွာ ဆောက်လုပ်ထားသည့် ရေထုတ်မြောင်းအတိုင်းဆားများကိုအမြစ်ဇုန်အောက်ရောက်သည်အထိ စိမ့်ဝင်ပျောက်ဆုံးခြင်းနည်းဖြင့် ဆေးကြောပြုပြင်နိုင်ပါသည်။ သို့သော် ဖယ်ထုတ်လိုက်သည့်ဆားပမာဏသည် သွင်းရေထုထည်၏ အနက်ပေါ်တွင် များစွာမူတည်နေပါသည်။ သုတေသနတွေ့ရှိချက်များအရ သွင်းရေထုထည် ၆ လက်မအနက်သည် ယင်းဆားပေါက်မြေမှ စုစုပေါင်း ဆားပါဝင်မှုပမာဏ၏ ၅၀ ရာခိုင်နှုန်း၊ သွင်းရေထုထည် ၁၂ လက်မသည် စုစုပေါင်း ဆားပမာဏ၏ ၈၀ ရာခိုင်နှုန်းနှင့် သွင်းရေထုထည်အနက် ၂၄ လက်မသည် စုစုပေါင်း ဆားပါဝင်မှုပမာဏ၏ ၉၀ ရာခိုင်နှုန်းကို ဖယ်ထုတ်နိုင်ပါသည်။


မြေဆီလက္ခဏာ ကောင်းမွန်သည့် မြေဆီလွှာ ဆားပေါက်မြေ။
မြေသားဖွဲ့စည်းပုံညံ့၍ သိပ်သည်းနေသည့် ဆားပေါက်မြေ။

ဆပ်ပြာပေါက်မြေများကို ပြုပြင်ဆောင်ရွက်ရာတွင် မြေမှုန်တွင်တွယ်ကပ်၍ ဖလှယ်ထုတ်နိုင်သည့် ဆိုဒီယမ်အိုင်းယွန်းများကို ကယ်လ်စီယမ်ဖြင့် အစားထိုးရန် ဂျစ်ပဆန်ကျောက်မှုန့် ($CaSo_4.2H_2O$) ကို အသုံးပြုခြင်းဖြစ်ပါသည်။ လိုအပ်သည့် ဂျစ်ပဆန်ပမာဏသည် မြေဆီလွှာထဲရှိ ဖလှယ်ထုတ်နိုင်သော ဆိုဒီယမ်ပါဝင်မှု၊ မြေအမျိုးအစား၊ မြေသားအစိုဓာတ်အပေါ်တွင် များစွာမူတည်ပါသည်။ ယေဘုယျအားဖြင့် မြေသား ၁၀၀ ဂရမ်တွင် ဆိုဒီယမ် ၁ Meq ပါဝင်သည့် မြေတစ်ဧကကို ခြောက်လက်မအနက် မြေပြုပြင်လိုပါက ဂျစ်ပဆန်ကို တစ်တန်နှုန်းဖြင့် ပြုပြင်ရန်လိုအပ်ပြီး မြေတစ်ဧကကို တစ်ပေအနက်အထိ ပြုပြင်လိုပါက ဂျစ်ပဆန် နှစ်တန်နှုန်း ထည့်ပေးရမည် ဖြစ်ပါသည်။ ဂျစ်ပဆန် ထည့်သွင်းပြီးနောက် ထယ်နှံ့စပ်စွာထိုး၍ ကန်သင်းပြည့် ရေသွင်းပေးရပါမည်။ ၎င်းရေကို (၇-၁၀) ရက်အထိ ပိတ်လှောင်ပြီး စနစ်တကျဖြင့် နက်နက်တူးဖော်ထားသည့် ရေထုတ်မြောင်းအတိုင်း ရေထုတ်ပေးရမည် ဖြစ်ပါသည်။ ဂျစ်ပဆန်ထည့်သွင်းပြီးနောက် ရေသွင်းခြင်းနှင့် ပြန်လည်ရေထုတ်ခြင်းကို အနည်းဆုံး နှစ်ကြိမ်လုပ်ပေးရပါမည်။ ဂျစ်ပဆန်နှင့် ဖလှယ်ထုတ်နိုင်သည့် ဆိုဒီယမ်ပမာဏကို စိမ့်မြောင်းအတွင်းရှိ ရေအရည်အသွေးကို ဓာတ်ခွဲစစ်ဆေးဖြင့် သိရှိနိုင်ပါသည်။

ဤမြေဆီလွှာပြုပြင်ပစ္စည်းများဖြစ်သည့် ထုံးနှင့် ဂျစ်ပဆန်ထည့်သွင်းရာတွင် ဓာတ်ပြုဖြစ်စဉ်များ မြန်လာစေရန်၊ မြေဆီလွှာအတွင်း အစိုဓာတ်လုံလောက်မှုရှိရန်၊ ကြဲပက်မှုညီညာပြီး မြေဆီလွှာအတွင်း ပျံ့နှံ့မှုရှိစေရန် ထယ်ရေးနက်နက် ထိုးပေးပြီး သီးနှံမစိုက်မီ (၁-၃)လ ကြိုတင် ထည့်သွင်းရမည်ဖြစ်ပါသည်။ ဂျစ်ပဆန်ကို စိုက်ပျိုးရေးသုံးမြေသြဇာအဖြစ် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့ကြပါသည်။ ဂျစ်ပဆန်ထည့်သွင်းခြင်းအားဖြင့် မြေသားဖွဲ့စည်းမှုကောင်းလာစေပြီး မြေစေးများတွင် မျက်နှာပြင်ကွဲအက်မှုကို နည်းပါးစေပြီး ကြပ်တည်းမြေများကို ဖွယ်လာသဖြင့် စိုက်ပျိုးသီးနှံပင်များ၏ အမြစ်စီးဆင်းမှုအားကောင်းစေပြီး လေဝင်လေထွက်နှင့် ရေထိန်းစွမ်းအား ကောင်းစေသည့်အပြင် မြေဆီလွှာတိုက်စားမှုကို သက်သာစေနိုင်သဖြင့် သီးနှံပင်အတွက် လိုအပ်သည့် အာဟာရဓာတ်များကိုပါ ရရှိစေနိုင်ပါသည်။ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတုဂုဏ်သတ္တိများ တိုးတက်လာစေသည့်အပြင် သီးနှံပင်များအတွက် မရှိမဖြစ်လိုအပ်သော အာဟာရအချို့ကိုလည်း ထုတ်ပေးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဂျစ်ပဆန်ကျောက်မှုန့်ကို စနစ်တကျ အသုံးပြုပါက သီးနှံအထွက်တိုးစေမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဆားပေါက်မြေနှင့် မြေချဉ်များကို ပြုပြင်ရာတွင် ဂျစ်ပဆန်နှင့်ထုံးကို အသုံးပြု၍ ပြုပြင်နိုင်သော်လည်း စနစ်ကျသည့် မြေယာအသုံးချမှုပုံစံများ၊ စိုက်နည်းစနစ်များ၊ အမိုးနီးယားအခြေခံ မြေသြဇာတစ်မျိုးတည်း အသုံးပြုခြင်းထက် မြေဆီလွှာ၏ အခြေအနေကို ထိန်းညှိပေးသည့် သဘာဝမြေသြဇာများ တွဲဖက် အသုံးပြုခြင်း၊ မြေချဉ်နှင့် ဆားငန်ဒဏ်ကို ခံနိုင်သည့် သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာ အငွေ့ပျံခြင်းကို လျှော့ချရန် ကောက်ရိုး၊ နှမ်းရိုးများဖြင့် ဖုံးအုပ်ခြင်း၊ အပေါ်ယံမျက်နှာပြင် စွတ်စိုနေစေရန် အစက်ချစနစ်ဖြင့် ရေသွင်းခြင်း၊ နွေထယ်ရေးခံခြင်းစသည့် စိုက်ပျိုးမြေဆီလွှာများကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသည့် မြေဆီလွှာပြဿနာများကို ဘက်စုံနည်းလမ်းများဖြင့် ပြုပြင်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။

## KNU / KNLA တပ်မဟာ(၆) လက်အောက်ခံတပ်ရင်းများ၊ KKO (ခွဲထွက်)အဖွဲ့နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်မှု ဖြစ်စဉ်ပြပုံ

*❖ကျောဖုံးမှ*


တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများထံမှ ကြိုတင်သတင်းရရှိခဲ့သဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် မြို့လုံခြုံရေးများကို နေ့ညမပြတ် အသင့်စောင့်ဆိုင်း ဆောင်ရွက်ခဲ့သည်။ ထို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နေ့ညမပြတ်အသင့်စောင့်ဆိုင်းလျက်ရှိစဉ် သောင်းကျန်းသူများနှင့် အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲခန့်တွင် လက်နက်ကြီးများဖြင့် ကော့ကရိတ်မြို့အတွင်းသို့ အဝေးမှ စတင်ပစ်ခတ်ခဲ့ပြီး နံနက် ၈နာရီခန့်တွင် အင်အားသုံး၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ကော့ကရိတ်မြောက်ဘက်ရှိ ခင်နိမ်းမူအိမ်ရာဂိတ်(၃)သို့လည်းကောင်း၊ အဘောဘုရားကုန်း၊ ကြောင်လျှာကုန်း၊ ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ မြို့နယ်လမ်းမကြီးရှိ လမ်းလုံခြုံရေးနေရာများသို့လည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် အင်အားသုံး၍ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ကြိုတင်စုဖွဲ့ အသင့်ဖြစ်မှုတို့ကြောင့်လည်းကောင်း၊ တာဝန်သိပြည်သူများက တိုက်ပွဲအတွင်းမှ သောင်းကျန်းသူနေရာများအား သတင်းပေးပို့မှုကြောင့် လည်းကောင်း အကြမ်းဖက် သမားများ၏ ဝင်ရောက်တိုက်ခိုက်မှုကို ဝန်ထမ်းအိမ်ရာ တစ်ဝိုက်မှလွဲ၍ ထိရောက်စွာ တုံ့ပြန်တိုက်ခိုက်နိုင်ခဲ့သဖြင့် နံနက် ၁၀ နာရီခန့်တွင် သောင်းကျန်းသူများ အထိနာ၍ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

ဝန်ထမ်း ရပ်ကွက်အတွင်း ရောက်ရှိလာသော သောင်းကျန်းသူများမှာ အရပ်သားပြည်သူများ နေထိုင်နေသည့် လူနေအိမ်များအတွင်းမှ အရပ်သားပြည်သူများနှင့် အဆောက်အဦများကို အကာအကွယ်ရယူကာ လူသားတံတိုင်းအဖြစ် အသုံးချတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူနှင့်လူနေအဆောက်အဦများကို ထိခိုက်မှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်း အကန့်အသတ်ဖြင့် တိုက်ခိုက်ရခြင်း၊ ဝိုင်းပတ်ချေမှုန်းနိုင်ရေး ဆောင်ရွက်ခဲ့ရခြင်း တို့ကြောင့် ညနေ ၃ နာရီခန့်မှသာ သောင်းကျန်းသူများ ဝန်ထမ်းရပ်ကွက်အတွင်းမှ ကစဉ့်ကလျားဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ကော့ကရိတ်မြို့၏ မြောက်ဘက်နှင့်အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက လေကြောင်း၊ အမြောက်နှင့်သံချပ်ကာယာဉ်များ၏ ပစ်ကူရယူ၍ ထပ်ကြပ်လိုက်လံချေမှုန်းလျက်ရှိသည်။

အကြမ်းဖက်များ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လတ်တလော သတင်းရရှိချိန်အထိ လူနေရပ်ကွက်အတွင်းရှိနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ရပြီး အပြစ်မဲ့ပြည်သူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၆ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသက်အန္တရာယ်များ ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။




KNU/KNLA တပ်မဟာ (၆) လက်အောက်ခံတပ်ရင်းများ၊ KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့များအနေဖြင့် မြို့ရှာ လုံခြုံရေးတပ်ဖွဲ့များကို အလစ်ငိုက် တိုက်ခိုက်ခဲ့သော်လည်း မြို့နေလူထု၏ အသေးစိတ် အချိန်မီ သတင်းပေးပို့ချက်အရ လိုအပ်သော အမြောက်၊ လေကြောင်းနှင့် သံချပ်ကာ ပစ်ကူများကို တိကျထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း၊ လုံခြုံရေးအဖွဲ့များ၏ ရှုပ်ရှုပ်ချုံချုံဖြင့် တုံ့ပြန်တိုက်ခိုက်နိုင်ခြင်းတို့ကြောင့် ၎င်းတို့၏ အကြံအစည် မအောင်မြင်ဘဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ရပြီး ကော့ကရိတ်မြို့အား ရန်သူ့လက်သို့ ကျရောက်မည့်အန္တရာယ်နှင့် မြို့အားရန်သူ၏ မီးလောင်တိုက်သွင်းမည့် အန္တရာယ်မှ တားဆီးကာကွယ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**








PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ပြီး လူနေရပ်ကွက်အတွင်း ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသည့် အရပ်သားပြည်သူများကို တွေ့ရစဉ်။

---

**မနက်ဖြန်အတွက် ခန့်မှန်းချက်**

နေပြည်တော် အောက်တိုဘာ ၂၁

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရက် သက်တမ်းအတိုဆုံးဝန်ကြီးချုပ်အဖြစ် ရာထူးမှနုတ်ထွက် ယခင်ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ဝန်ကြီးချုပ်သစ်ပြန်ဖြစ်ရန် အလားအလာကောင်းနေ

**လန်ဒန် အောက်တိုဘာ ၂၁**

သီတင်းပတ်ခြောက်ပတ်ကြာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရက်သည် အောက်တိုဘာ ၂၀ ရက်က ရာထူးမှနုတ်ထွက်ခဲ့သည်။ ထိုသို့နုတ်ထွက်ခဲ့သည့်အတွက် အင်္ဂလန်သမိုင်းတွင် သက်တမ်းအတိုဆုံး ဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်သည်။

ခေါင်းဆောင်ပိုင်းဆိုင်ရာ ရွေးကောက်တင်မြှောက်ခြင်းကို ရှေ့သီတင်းပတ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ် ၁၀ ဒေါင်းနင်းလမ်းအိမ်တော်အပြင်ဘက်တွင် ၎င်းက ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်သစ် မရွေးချယ်ရသေးသမျှကာလပတ်လုံး အိမ်စောင့်ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

လစ်ဇ်ထရက်ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာပြီးနောက် ယခင်ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ဝန်ကြီးချုပ်အဖြစ် ပြန်လာနိုင်ချေရှိကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြထားသည်။

ထရက်သည် အခွန်လျှော့ချဖြတ်တောက်ခြင်းဖြင့် စီးပွားရေးတိုးတက်စေရန် မျှော်မှန်းခဲ့သည်။ ၎င်း၏ မူဝါဒများကို ပြောင်းပြန်လှန်ရန် ဖိအားပေးခြင်းခံရပြီးနောက် ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ ၊ အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရက်။

## တွစ်တာကိုဝယ်ယူပြီးနောက် ဝန်ထမ်းအင်အား ၇၅ ရာခိုင်နှုန်းနီးပါးကို လျှော့ချရန် အီလွန်မက်စ် စီစဉ်နေ

**နယူးယောက် အောက်တိုဘာ ၂၁**

ဘီလီယံနာသူဌေးကြီးအီလွန်မက်စ်သည် တွစ်တာကို ဝယ်ယူပြီးသည့်နောက်ပိုင်းတွင် တွစ်တာဝန်ထမ်း အင်အား ၇၅ ရာခိုင်နှုန်းနီးပါးကို လျှော့ချရန်အတွက် အစီအစဉ်ရှိသည်ဟု အမေရိကန်သတင်းစာကြီးဖြစ်သည့် သည်ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။

လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီမှ စီအီးအို ဖြစ်သူ အီလွန်မက်စ်သည် တွစ်တာဝယ်ယူမှုသဘော တူညီချက်ကို အောက်တိုဘာ ၂၈ ရက်တွင် အဆုံးသတ်နိုင်ရေးမျှော်လင့်ထားသည်။ တွစ်တာဝန်ထမ်းအင်အားကို ၂၀၀၀ ကျော်အထိ တဖြည်းဖြည်းချင်း လျှော့ချသွားရန် အစီအစဉ်ရှိသည်ဟု သည်ဝါရှင်တန် ပို့စ်တွင် ဖော်ပြထားသည်။

ဇွန်လအတွင်းက တွစ်တာမှ ဝန်ထမ်းများနှင့် အီလွန်မက်စ်တို့ တွေ့ဆုံရာတွင် တွစ်တာ၏အကျိုး အမြတ်အတွက် ဝန်ထမ်းများ ယာယီအလုပ်ရပ်နားခြင်း ပြုလုပ်ကြရန် အကြံပြုခဲ့သည်။ ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွင်း လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် သတင်းအမှားများ ပျံ့နှံ့လာသည့်အချိန်မှစတင်ကာ ထိခိုက်မှုဖြစ်စေသည့် အကြောင်းအရာများကို ထိန်းချုပ်နိုင်ရေးအတွက် တွစ်တာသည်ဝန်ထမ်းအင်အားကို တိုးမြှင့်ခဲ့သည်။

သို့သော်လည်း ကုန်ကျစရိတ်များ များပြားလာခြင်းကြောင့် ကုမ္ပဏီ၏အကျိုးရလဒ်ကို ထိခိုက်လာသည်။ ဝန်ထမ်းအင်အား အမြောက်အမြား လျှော့ချခြင်းဖြင့် တွစ်တာအသုံးပြုသူများကြားတွင် အဆင်မပြေမှုများ ဖြစ်လာနိုင်သည်ဟု ကျွမ်းကျင်သူတစ်ဦး က သတိပေးထားကြောင်း သတင်းစာတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**



ဘီလီယံနာသူဌေးကြီး အီလွန်မက်စ်။

## သေနတ်ပစ်ခတ်အကြမ်းဖက်မှုကို အဆုံးသတ်ရန်အတွက် အမေရိကန် အထက်တန်းကျောင်းသားများ ကတိပြု

**နယူးယောက် အောက်တိုဘာ ၂၁**

အိုဟိုင်းယိုးပြည်နယ် အရှေ့မြောက်ပိုင်းမှ ကျောင်းသားများအပါအဝင် အမေရိကန်ပြည်ထောင်စုတစ်လွှားမှ ကျောင်းသားများသည် သေနတ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုကို အဆုံးသတ်ရန်အတွက် ကတိပြုမှုများ ပြုလုပ်လျက်ရှိသည်ဟု ဒေသတွင်းမီဒီယာ ဖော့ခ် ၈ တွင် အောက်တိုဘာ ၁၉ ရက်က ဖော်ပြထားသည်။

သေနတ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထိခိုက်နာကျင်ခံစားခဲ့ရသူများအတွက် ဝမ်းနည်းကြောင်း ဖော်ပြချက်များကို အဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများနှင့် ခေါင်းဆောင်များက ဂင်းစ်အကယ်ဒမီတွင် ပြုလုပ်ခဲ့ကြသည်။ သေနတ်ပစ်ခတ်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်လာမည်ကို နေ့စဉ်နှင့်အမျှ စိုးရိမ်နေကြရသည်ဟု ဂင်းစ်အကယ်ဒမီမှ ခရစ္စတိုဖာဝင်းမ်ကပြောသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက် အထိသေနတ်ဖြင့် လူသတ်မှုပေါင်း ၁၀၇ မှုဖြစ်ပွားခဲ့သည်ဟု ကလယ်ဗီလန်းရဲဌာနက သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## မိုးခေါင်မှုဒဏ် ခံစားနေရသည့် ဆိုမာလီနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ကုလရှာဖွေ

**ဂျီနီဗာ အောက်တိုဘာ ၂၁**

မိုးခေါင်မှုဒဏ် ခံစားနေရသည့် ဆိုမာလီနိုင်ငံတွင် လိုအပ်သည့် ကူညီထောက်ပံ့မှုများ တောင်လိုပုံများပြားလျက်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆိုမာလီသို့ ပေးပို့နိုင်ခဲ့သည့် အကူအညီများအတိုင်း ယခုပေးပို့နိုင်ရေး အကူအညီများ လိုအပ်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်အရ လူပေါင်း ၇ ဒသမ ၆ သန်းကို အကူအညီပေးသွားရန် စီစဉ်ထားပြီး ယင်းပမာဏမှာ ပြီးခဲ့သည့်ဇန်နဝါရီလနှင့်နှိုင်းယှဉ်လျှင် ၄၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ယခုနှစ်အထိ အလှူရှင်များသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို ကူညီထောက်ပံ့ပေးထားပြီးဖြစ်သည်ဟု အရာရှိတစ်ဦးကပြောသည်။ ဆိုမာလီနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၆ ဒသမ ၅ သန်းကို ကူညီပေးနိုင်ခဲ့သည်။ ဒီဇင်ဘာလအကုန် လာမည့်နှစ်အစပိုင်းတွင် အသက်ကယ်နိုင်မည့် ကူညီထောက်ပံ့မှုများ ပေးနိုင်ရန်အတွက် နောက်ထပ်အမေရိကန် ဒေါ်လာတစ်ဘီလီယံ လိုအပ်မည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ယခုနှစ်အတွက် ကူညီထောက်ပံ့မှုများကို နောက်ကျမှ ရရှိခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ်တွင် ယင်းသို့ နောက်ကျမှုများ ဖြစ်မလာစေရန် မျှော်လင့်ထားသည်ဟု သိရသည်။

နှစ်ပေါင်း လေးဆယ်အတွင်း မိုးခေါင်မှုဒဏ် ဆိုးဆိုးရွားရွား ခံစားနေရသည့် ဆိုမာလီနိုင်ငံကို ကူညီပေးရန်အတွက် ဗဟိုအရေးပေါ်တုန့်ပြန်ရေး ရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေ ၁၀ သန်းကို ကုလသမဂ္ဂ အရေးပေါ် ကယ်ဆယ်ရေးရုံးမှ မာတင်ဂရစ်က ထုတ်ပေးခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**



ဆိုမာလီနိုင်ငံတွင် ရေရရှိရေး ဒုက္ခခံစောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

## ပြင်သစ်အစိုးရသည် ၂၀၂၃ ခုနှစ် အစောပိုင်းတွင် ငွေကြေးဖောင်းပွမှုနှုန်း ၅ ရာခိုင်နှုန်းလျှော့ချရန် ရည်မှန်းထား

**ပါရီ အောက်တိုဘာ ၂၁**

၂၀၂၃ ခုနှစ်မှစတင်ကာ ပြင်သစ်နိုင်ငံ၏ နှစ်စဉ် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅ ရာခိုင်နှုန်းသို့ လျော့နည်းစေရန် ပြင်သစ်နိုင်ငံစီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဘရူနိုလီမယ်ရီက ရည်ရွယ်ထားကြောင်း လီဖက်ဂရို နေ့စဉ်သတင်းစာက အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။

ကုမ္ပဏီများကို အကာအကွယ်ပေးရေးဆွေးနွေးပွဲတွင် အစိုးရ၏ စီးပွားရေးရည်မှန်းချက်များကို တင်ပြပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၄ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၂ ရာခိုင်နှုန်း လျှော့ချလိုကြောင်း ပြင်သစ်နိုင်ငံ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး လီမယ်ရီက ပြောကြားသည်။ ဈေးနှုန်းသည် အိမ်ထောင်စုများအတွက် စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေခြင်းကို တိုးလာသည်ဟု ၎င်းက အသိအမှတ်ပြု ပြောကြားသည်။

ပြင်သစ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းအညွှန်းကိန်း(စီပီအိုင်)သည် ဩဂုတ်လတွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီးနောက် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း ပြင်သစ်အမျိုးသားစာရင်းအင်းနှင့်စီးပွားရေးလေ့လာမှုအင်စတီကျု (အိုင်အင်န်အက်စ်အီး အီး)က စက်တင်ဘာလတွင် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၁၀ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၈၉၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၅၀ | ၂၉၇၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၈ |
| 95 Ron | ၁၉၇၆ | ၂၀၄၉ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၂၅၄၇ | ၂၆၂၇ |
| HSD (10 ppm) | ၂၅၄၇ | ၂၆၂၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရမ်းဗြဲမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ရမ်းဗြဲ အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေ့ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အောင်တင်ကြည်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်ရွှေက ကလေးသူငယ်များအဖြစ်သတ်မှတ်ထားသည့် အသက်အရွယ်အပိုင်းအခြားများ၊ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးများနှင့် အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး



ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲသို့ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့်တက်ရောက် လေ့လာကြည့်ရှုကြသည်။

**အောင်နိုင် (ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁** - ယနေ့ မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၂-၁၀-၂၀၂၂ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့၌ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ၂၃-၁၀-၂၀၂၂ ရက်နေ့တွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး၊ အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြောက်ဘက်သို့ ပြန်ကွေ့ကာ ၂၄-၁၀-၂၀၂၂ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်သည်။ ထို့နောက် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၅-၁၀-၂၀၂၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ အနောက် ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

**◆ကျောဖုံးမှ**

ဆင်တောင်စေတီ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေထိန်းသိမ်းရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မိုးနဲမြို့နယ် ဆင်တောင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆင်တောင်ဘုရားသမိုင်းကြောင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော နေရာများ၊ ထိန်းသိမ်းဆောင်ရွက်ရမည့်နည်းလမ်းများ၊ သုံးစွဲရမည့် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆင်တောင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် နယ်မြေထိန်းသိမ်းရေးဘဏ္ဍာငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းမောင်ကြီးက စေတနာရှင်၊ အလှူရှင်များထံမှ အလှူငွေလက်ခံရရှိမှု၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်နိုင်ရေးနှင့် ဆင်တောင်ဘုရား ရှေ့ဆက်ပြုပြင်ထိန်းသိမ်းရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသော ကော်မတီအဖွဲ့ဝင် အင်ဂျင်နီယာများနှင့် အဖွဲ့ဝင်များက အပိုင်းလိုက်တာဝန်ယူကြီးကြပ်သွားနိုင်မည့် ရှေ့လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆင်တောင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စေတီကို ရှေးမူမပျက်ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန် ယနေ့အထိ လှူဒါန်းငွေကျပ် ၂၂၆ သိန်းရရှိထားပြီး မကြာမီလုပ်ငန်းများ အပိုင်းလိုက် စတင်ဆောင်ရွက် သွားမည်ဖြစ်သောကြောင့် စေတနာရှင်အလှူရှင်များအနေဖြင့် ကုသိုလ်ပြု ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



ဆင်တောင်ရှေးဟောင်းစေတီနှင့် နဂါးခေါင်းရေကန်ကို တွေ့ရစဉ်။

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၇ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦး ရှိ

**(၂၁–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၂၀–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၀၅၁) ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃၃) ရာ ခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၁၂,၃၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၃၀,၁၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃၀) ဦး ရှိ သဖြင့် ယနေ့ အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၃,၇၆၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများ ကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်း နှင့် ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ် ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများ တွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက် ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်းကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး လျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး များနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ် ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**




## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၁**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီး သီး၌ ကာကွယ်ဆေးထိုးနှံခြင်း ကို ဆောင်ရွက်လျက်ရှိရာ ယနေ့ တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၉၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၉၁၂ ဦး၊ ရခိုင် ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ် မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၅၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံ ပြည်သူ ၅၇၄၅ ဦးတို့ကို တပ် မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်း သား ကျောင်းသူ ၁၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင်ကိုဗစ်–၁၉ ရောဂါထိန်း ချုပ်ကာကွယ်ရာတွင် အထောက် အကူဖြစ်စေရန်အတွက် နှာခေါင်း စည်းများကိုပြည်သူများလက်ဝယ် အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာ ပေး ဆောင်ရွက်ခြင်း၊ နှာခေါင်း စည်းများ တပ်ဆင်ပြီး သွားလာ ကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်း စည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မကွေးမြို့ရှိ မဟာဝိသုတာရာမ(တိုက်သစ်)၌ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မဟာဝိသုတာရာမ (တိုက်သစ်) ၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် မကွေးမြို့ မဟာဓမ္မိကာရာမ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

**လှူဖွယ်ပစ္စည်းများလှူဒါန်း**

ဦးစွာ မဟာဓမ္မိကာရာမ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**မကွေးမြို့ဝင်မုခ် ဦးတည်ဆောက်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် အသစ်ပြန်လည် တည်ဆောက်လျက်ရှိသော မကွေးမြို့ မြို့ဝင်မုခ်ဦးတည်ဆောက်ခြင်း လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ချောင်ခရိုင် ရေနံချောင်းမြို့နယ် စံပြတမာစိုက်ခင်း(ဧက ၁၀၀) စီမံကိန်း ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျိုက်လတ်မြို့နယ်အတွင်းရှိ ပေါင်းဆန်စက်နှင့် လုပ်ငန်းအချို့ ကြည့်ရှုစစ်ဆေး

**ကျိုက်လတ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ပေါင်းဆန်စက်နှင့် လုပ်ငန်းအချို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုက်လတ်မြို့အဝင်ရှိ လျာထားတန် ၅၀၀ ပေါင်းဆန်စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေသည်များ ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုန်းဆံဖတ်ကြိုးစက်ရုံ၊ ကျိုက်လတ်မြို့ အမှတ်(၅) ရပ်ကွက်ရှိ ချယ်ရီငါးရံ့ခြောက်လုပ်ငန်း၊ ကမ်းနားလမ်းရှိ ဦးလှစိုး၏ လောင်စာတောင့်စက်ရုံ၊ လတာကြီးကျေးရွာရှိ ဦးတင်ကျော်လင်း စိုက်ပျိုးထားသည့် ပိုက်ဆံလျှော် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။ **ကျိုက်လတ်(ပြန်/ဆက်)**

# မော်လမြိုင်-ရန်ကုန် လေအိတ်ရထားပြေးဆွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၂၁**

မွန်ပြည်နယ်အတွင်း ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနိုင်ရေးအတွက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မော်လမြိုင် ဘူတာကြီး၌ ဘူတာရုံပရိဝုဏ်အတွင်း/ အပြင် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်-ရန်ကုန် လေအိတ်ရထားပြေးဆွဲနေမှု အခြေအနေကို ကြည့်ရှုအားပေးကာ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာ့မီးရထား (ပို့ဆောင်ရေး၊ တိုင်းအမှတ်-၈) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရထားခရီးစဉ်များ ပြေးဆွဲဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ဘူတာရုံများ ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ပေးကြရန်၊ မီးရထားပိုင်မြေများတွင် ကျူးကျော်နေထိုင်မှုများ မရှိစေရေးနှင့် ရထားလမ်းဘေးဝဲ၊ ယာ တစ်လျှောက် သစ်ပင်၊ ချုံနွယ်များ ရှင်းလင်းစေရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မော်လမြိုင် အဝေးပြေးကားဝင်းတိုးချဲ့မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)



# အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေး

**အုတ်တွင်း အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးပွဲနှင့် သဘာဝမြေသြဇာ ရွက်ဖျန်းအားဆေး ပြုလုပ်နည်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်က ဒိုးပင်သောင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီက စိုက်ပျိုးရေး၊ မွေးမြူရေးအောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် ဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲအုပ်ဝင်းဇော်ဦးက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးထူးကိုကိုက လျှပ်စစ်မီးကို စည်းကမ်းရှိစွာသုံးစွဲရန်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်နီလာအောင်က ၂၀၂၂ ဆောင်းသီးနှံထုတ်ချေးရေးကိစ္စများ ဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဒု-လဝကမှူး ဒေါ်နွေးနွေးအောင်က အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရှိရန်နှင့် စီမံချက်ကာလများတွင် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ဒုတိယဦးစီးမှူး ဦးအောင်ရဲဇော်က ဆီထွက်သီးနှံ နှမ်းစပါးစိုက် နည်းစနစ်နှင့် ကန်ထရိုက်လယ်ယာစနစ်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သဘာဝမြေသြဇာရွက်ဖျန်းအားဆေးဖြင့် ငါးအမိုင်နိုအက်စစ် ပြုလုပ်နည်းကို လက်တွေ့သရုပ်ပြသပြီး ဒေသခံတောင်သူများကလည်း သိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။ ထို့အပြင် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန်ကျန်ရှိသည့် ဒေသခံပြည်သူများကို မြို့နယ်ကျန်းမာရေးအဖွဲ့က ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အေမင်းရည်စော(ပြန်/ဆက်)

# နမ့်ဆန်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားများအား ပင်စင်လစာငွေများထုတ်ပေး

**နမ့်ဆန် အောက်တိုဘာ ၂၁**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားများအား ပင်စင်လစာငွေများကို ယနေ့နံနက်ပိုင်းက စတင်ထုတ်ပေးလျက်ရှိသည်။

အဆိုပါပင်စင်ထုတ်ယူရာတွင် ပင်စင်စားများ ပင်စင်လစာငွေထုတ်ယူရာ၌ အဆင်ပြေစေရေးအတွက် အောက်တိုဘာ ၂၁ ရက်မှ ၃၁ ရက်အထိ နမ့်ဆန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများမှ ပင်စင်စားများအား နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

နမ့်ဆန်(ပြန်/ဆက်)

# နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော ဆေးဘက်ဆိုင်ရာ နည်းပညာရှင်များဖြစ်ရုံသာမက နိုင်ငံတကာအဆင့်မီပညာရပ်များ လေ့လာတတ်မြောက်သည့် သုတေသနပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်

**မန္တလေး အောက်တိုဘာ ၂၁**

ပုသိမ်ကြီးမြို့နယ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ ကျောင်းသူကျောင်းသားများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို အဆိုပါ တက္ကသိုလ် မြရတနာခန်းမတွင် ယနေ့ နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




**ကူညီပံ့ပိုးပေးလျက်ရှိ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားရာတွင် နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော ဆေးဘက်ဆိုင်ရာ နည်းပညာရှင်များ ဖြစ်ရုံသာမက နိုင်ငံတကာအဆင့်မီပညာရပ်များ လေ့လာတတ်မြောက်သည့် သုတေသနပညာရှင်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အေးချမ်းစွာ ပညာသင်ကြားရေးနှင့် ဘက်စုံထူးချွန်နိုင်ရန် လိုအပ်သည်များကို နိုင်ငံတော်အဆင့်၊ တိုင်းအဆင့် ကူညီပံ့ပိုးပေးလျက် ရှိကြောင်း၊ တတ်မြောက်ထားသည့် ပညာဖြင့် ပြည်သူ့အကျိုးပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ လင်းထက်မြင့်က တက္ကသိုလ်၏ သမိုင်းကြောင်း၊ လက်ရှိအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ ရတုအဆက်ဆက် ဆေးဘက်သမားတော် ကျောင်းဂုဏ်ပြုသီချင်း အပါအဝင် တေးသီချင်းသရုပ်ဖော်တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ရင်းနှီးစွာ နှုတ်ဆက်ပြီး ဖျော်ဖြေတင်ဆက်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၀ သိန်းကို ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

**စေတနာထားဆောင်ရွက်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ နီးနွယ်တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ တက္ကသိုလ်၊ ကျောင်းများကို အမြင်တင့်တယ်စေရန် သန့်ရှင်းသပ်ရပ်ရေးနှင့် ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာကာ လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပုသိမ်ကြီး ကားလမ်း ဝဲယာ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးရာ သန့်ရှင်းသပ်ရပ်ပြီး စိုက်ပျိုးထားသည့်အပင်များ ပျက်စီးမှုမရှိစေရန် ဆောင်ရွက်ရေး၊ သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ပန်းတင်ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ မန္တလေးမလွန်ဈေးဆန်လှူအသင်း ငွေလှူဒါန်း

မန္တလေး အောက်တိုဘာ ၂၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ မန္တလေး မလွန်ဈေးဆန်လှူအသင်းကြီးက အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို အောက်တိုဘာ ၂၁ ရက်က ယင်းကျောင်း၏ ဥပတ္ထမ္ဘက အဖွဲ့ရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ မန္တလေး မလွန်ဈေးဆန်လှူအသင်းကြီးက အလှူငွေကျပ် သုံးသိန်းကို မန္တလေး မလွန်ဈေးဆန်လှူအသင်းကြီး၏ အမှုဆောင်အဖွဲ့က ပေးအပ်လှူဒါန်းရာ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပတ္ထမ္ဘက အဖွဲ့(အဖွဲ့ဝင်)ဦးလှဖုန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်(MU)**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဦးဝေလွင်(စာရေးဆရာ ဝေလွင်မောင်)က ထပ်မံလှူဒါန်းသည့် အလှူငွေကျပ် ရှစ်သိန်း၊ ဆရာကြီး ဦးမျိုးသန့် (မောင်ဆုရှင်) မိသားစုက ငွေကျပ်သုံးသိန်း၊ ဗိုလ်မှူး စောငွေ(ငြိမ်း) (မောင်ငွေအိုး) မိသားစု၊ စာရေးဆရာမ ဗိုလ်ချုပ်မြေတင်တင်ဝင်း (ရန်ကင်းမြို့နယ်)နှင့် အင်းစိန်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဝင်းနိုင် (မင်းဆက်ပိုင်)မိသားစု၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်ထွဏ်း (တင်တော်)၊ နတ်တလင်းမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်ဝင်း (ညွန့်ဝင်း-နတ်တလင်း)၊ ရဲအုပ်မောင်မောင်အေး (ငြိမ်း) (စုံထောက်မောင်ရေခဲ)- ဒေါ်ညွန့်ညွန့် (ညွန့်ညွန့်-ကလော)၊ ဒေါက်တာဘရွှေ (မောင်ရဲမောင်) ဇဟန်းမြို့နယ်၊ မော်လမြိုင်မြို့နယ် စာရေးဆရာအသင်း၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်း၊ နတ်တလင်းမြို့နယ် စာရေးဆရာအသင်း၊ ကော့မှူးမြို့နယ်စာရေးဆရာအသင်းနှင့် ကြည့်မြင်တိုင်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ လှူဒါန်းကြသည်။



ဒေါက်တာမြင့်ခိုင် (ဥဂ္ဂါညို)၊ စာရေးဆရာ ချစ်စုအောင်နှင့် စာရေးဆရာကိုဇော်ငြေး (ယဉ်ကျေးမှု)တို့က ငွေကျပ် သုံးသောင်းစီ၊ ဆရာထက်ဝေအောင် (စစ်ကိုင်း)၊ ဆရာမင်းမြတ်မိုး (မန်းမြေ) အောင်မြေသာစံမြို့နယ်နှင့် ဆရာဆန်းမောင်(ကွတ်ခိုင်)တို့က ငွေကျပ်နှစ်သောင်းစီ၊ ဦးကျော်လင်းဦး (ကျော်လင်း-ဒိုင်းဝန်ကွင်း) မော်လမြိုင်မြို့နယ်၊ ဆရာအိုးဝေ (မြေနီကျင်း)နှင့် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သောင်းစီ၊ စာရေးဆရာဗလမင်းထင်က ငွေကျပ် ၅၅၀၀၀၀ိ/- တန်ဖိုးရှိ စာအုပ်များနှင့် ဗိုလ်မှူးကြီးမြင့်သိန်း (ငြိမ်း) (မြင့်သိန်းအောင်)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဇန်းမော်မြို့ ရွှေပြည်သာမြို့နယ်နှင့် မိုင်းပန်မြို့နယ် တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

ဇန်းမော်မြို့ ရွှေပြည်သာမြို့နယ်နှင့် မိုင်းပန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဇန်းမော်မြို့ ရွှေပြည်သာရပ်ကွက်တွင် အောင်အောင် (ခ) ဦးကြည် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက် ကရဏာလမ်းရှိ မခိုင်ခိုင်ဝင်း၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု တာဆန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မနန်းခမ်းယုံ မောင်းနှင်လာသည့် Alphard အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဘာလောက် တုံး ၆ ဒသမ ၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့်၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## PREMIER LEAGUE – GAME WEEK 13

# လိဂ်ပွဲစဉ် (၁၃) မှာ ချယ်ဆီးနဲ့ မန်ယူတို့ ထိပ်တိုက်တွေ့ဆုံမှု ဘယ်လိုဖြစ်လာမလဲ

ယခုတစ်ပတ်မှာ ပရီမီယာလိဂ် ပွဲစဉ် (၁၃) ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ချယ်ဆီးနဲ့ မန်ယူစတဲ့ အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့နေတဲ့ပွဲစဉ်အပါအဝင် အမှတ်ပေးဇယား ဦးဆောင်သူ အာဆင်နယ်က ဆောက်သမ်တန်၊ မန်စီးတီးက ဘရိုက်တန်အသင်းတို့နဲ့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖွယ်ကောင်းပါတယ်။



| ပရီမီယာလိဂ်ပွဲစဉ် (၁၃) | |
|---|---|
| ၂၂-၁၀-၂၀၂၂ | စနေနေ့ |
| နော်တင်ဟမ် – လီဗာပူး | ည ၆း၀၀ |
| အဲဗာတန် – ပဲလေ့စ် | ည ၈း၃၀ |
| မန်စီးတီး – ဘရိုက်တန် | ည ၈း၃၀ |
| ချယ်ဆီး – မန်ယူ | ည ၁၁း၀၀ |
| ၂၃-၁၀-၂၀၂၂ | တနင်္ဂနွေနေ့ |
| ဗီလာ – ဘရန့်ဖို့ဒ် | ည ၇း၃၀ |
| လိဒ်စ် – ဖူလ်ဟမ် | ည ၇း၃၀ |
| ဆောက်သမ်တန်–အာဆင်နယ် | ည ၇း၃၀ |
| ဝုဖ် – လက်စတာ | ည ၇း၃၀ |
| စပါး – ကာဆယ် | ည ၁၀း၀၀ |
| ၂၄-၁၀-၂၀၂၂ | တနင်္လာနေ့ |
| ဝက်စ်ဟမ်း – ဘုန်းမောက် | နံနက် ၁း၃၀ |

## ချယ်ဆီး VS မန်ယူ

**ချယ်ဆီးနဲ့ မန်ယူတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

**၂၂-၁၀-၂၀၂၂ စနေနေ့ ည ၁၁:၀၀**

| | | |
|---|---|---|
| ၂၉-၄-၂၂ | ပရီမီယာလိဂ် | မန်ယူ ၁-၁ ချယ်ဆီး |
| ၂၈-၁၁-၂၁ | ပရီမီယာလိဂ် | ချယ်ဆီး ၁-၁ မန်ယူ |

နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ လိဂ်ပွဲမှာ ချယ်ဆီး သရေကျပြီး မန်ယူ နိုင်ပွဲရထားတယ်။ ဒါပေမယ့် လိဂ် ၁၀ ပွဲစီ ကစားပြီးချိန်မှာ နှစ်သင်းကြား ရမှတ်ကွာဟမှု တစ်မှတ်သာရှိတဲ့အတွက် ယခုပွဲစဉ်က အကြိတ်အနယ်ရှိလာမှာပါ။ ခြေစွမ်းတည်ငြိမ်တဲ့ ချယ်ဆီးကို မန်ယူအနိုင်ရဖို့ ခက်မယ်။

## မန်စီးတီး VS ဘရိုက်တန်

**မန်စီးတီးနဲ့ ဘရိုက်တန်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

**၂၂-၁၀-၂၀၂၂ စနေနေ့ ည ၈:၃၀**

| | | |
|---|---|---|
| ၂၁-၄-၂၂ | ပရီမီယာလိဂ် | **မန်စီးတီး** ၃-၀ ဘရိုက်တန် |
| ၂၃-၁၀-၂၁ | ပရီမီယာလိဂ် | ဘရိုက်တန် ၁-၄ **မန်စီးတီး** |

ဒီရာသီမှာ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတဲ့ မန်စီးတီးအသင်း ဘရိုက်တန်ကို အနိုင်ယူကျော်ဖြတ်သွားနိုင်ဖွယ်ရှိတယ်။ နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ ဘရိုက်တန်အနေနဲ့ မန်စီးတီးကို ခက်ခက်ခဲခဲကစားရဖွယ်ရှိပြီး အမြင့်ဆုံး သရေသာ ရနိုင်မယ်။

## စပါး VS ကာဆယ်

**စပါးနဲ့ ကာဆယ်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

**၂၃-၁၀-၂၀၂၂ တနင်္ဂနွေနေ့ ည ၁၀:၀၀**

| | | |
|---|---|---|
| ၃-၄-၂၂ | ပရီမီယာလိဂ် | **စပါး** ၅-၁ ကာဆယ် |
| ၁၇-၁၀-၂၁ | ပရီမီယာလိဂ် | ကာဆယ် ၂-၃ **စပါး** |

စပါးအသင်းအနေနဲ့ မန်ယူကို ဂိုးပြတ်ရှုံးနိမ့်ခဲ့မှုအား ယခုပွဲစဉ်မှာ ချေဖျက်ဖို့ ကြိုးစားလာမှာ သေချာပါတယ်။ ကာဆယ်ကလည်း ခြေစွမ်းကောင်းမွန်ကျစ်လျစ်တာကြောင့် အခက်တွေ့ဖွယ်ရှိတယ်။ သို့သော်လည်း ယခုပွဲစဉ်မှာ ကာဆယ်အသင်းထက် စပါးအသင်းရဲ့ ရှန်းအားကို ကြည့်ရမယ်။

## ဆောက်သမ်တန် VS အာဆင်နယ်

**ဆောက်သမ်တန်နဲ့ အာဆင်နယ်တို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

**၂၃-၁၀-၂၀၂၂ တနင်္ဂနွေနေ့ ည ၇:၃၀**

| | | |
|---|---|---|
| ၁၆-၄-၂၂ | ပရီမီယာလိဂ် | **ဆောက်သမ်တန်** ၁-၀ အာဆင်နယ် |
| ၁၁-၁၂-၂၁ | ပရီမီယာလိဂ် | **အာဆင်နယ်** ၃-၀ ဆောက်သမ်တန် |

အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ဖို့ အာဆင်နယ်အနေနဲ့ အမှားခံမှာ မဟုတ်ဘူး။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတဲ့ ဆောက်သမ်တန်အသင်းရဲ့ခြေစွမ်း တည်ငြိမ်မှု မရှိတာကြောင့် အာဆင်နယ်အသင်း ရလဒ်ကောင်းရရှိဖွယ်ရှိတယ်။

# ပီအက်စ်ဗွီကို အနိုင်ရသောကြောင့် ယူရိုပါလိဂ်၌ နောက်တစ်ဆင့်တက်ရန် နီးစပ်လာသည့် အာဆင်နယ်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ပွဲစဉ် (၂) မှ အာဆင်နယ်အသင်းနှင့် ပီအက်စ်ဗွီအသင်းတို့ပွဲစဉ်ကို ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရာခိုင်နှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။



ထို့အပြင် အာဆင်နယ်အသင်းသည် ယခုနိုင်ပွဲကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စု (အေ) ၌ လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ ပြိုင်ဘက်ပီ အက်စ်ဗွီအသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် လေးပွဲကစားပြီး ရမှတ် ၇ မှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် လက်ကျန်ပွဲစဉ်များကို ရှန်းကန်ရဦးမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် အိမ်ကွင်းတွင် ပီအက်စ်ဂျီအသင်းကို ဂိုးအသာ၊ ခြေအသာဖြင့် တစ်ဖတ်သတ်ဖိအားပေးကစားနိုင်ခဲ့ပြီး လိုအပ်သည့်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် ရှာကာက သွင်းယူပေးနိုင်ခဲ့သည်။



# တိုင်ဆန်ဖျူရီနှင့် ချီဆိုရာတို့ ဒီဇင်ဘာလတွင် တတိယအကြိမ် ထိုးသတ်တော့မည်

ဗြိတိန်လက်ဝှေ့အကျော်အမော် တိုင်ဆန်ဖျူရီသည် တစ်နိုင်ငံတည်းသားဖြစ်သူ ဒါးရက် ချီဆိုရာနှင့် လန်ဒန်ရှိ တော့တင်ဟမ် ဟော့စပါးကွင်းအတွင်း ဒီဇင်ဘာ ၃ ရက်တွင် တတိယအကြိမ် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်တွေ့ ဆုံခဲ့သည့်နှစ်ကြိမ်တွင် အနိုင်ရရှိခဲ့သော အသက် ၃၄ နှစ်အရွယ်ရှိ တိုင်ဆန်ဖျူရီအနေဖြင့် ယခုပွဲစဉ်တွင် ၎င်း၏ WBC ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုကို တတိယအကြိမ်မြောက် ကာကွယ်ထိုးသတ်ရမည် ဖြစ်သည်။ တိုင်ဆန်ဖျူရီနှင့် ချီဆိုရာတို့သည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် နှစ်ကြိမ်ထိုးသတ်ဖူးပြီး ဖျူရီက နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။

တိုင်ဆန်ဖျူရီသည် ပြီးခဲ့သည့် ဒီဇင်ဘာလက အန်သိုနီဂျိုရှုအာနှင့် ထိုးသတ်ရန် ဆွေးနွေးခဲ့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းမှု ပျက်ပြယ်ခဲ့ကြောင်း သိရသည်။ နောက်ဆုံးထိုးသတ်ခဲ့သည့် လေးပွဲတွင် သုံးပွဲအထိ ရှုံးနိမ့်ထားသောကြောင့် အသက် ၃၈ နှစ်အရွယ်ရှိ ကမ္ဘာ့ချန်ပီယံ ချီဆိုရာသည် လက်ဝှေ့ကစားသမားဘဝကုန်ဆုံးရန် တဖြည်းဖြည်းနီးကပ်လာကြောင်း ပြောဆိုမှုများလည်း ရှိနေသည်။



# ဂျရတ်ကို နည်းပြအဖြစ်မှ အက်စ်တွန်ဗီလာ ထုတ်ပယ်လိုက်ပြီ

ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဖူလ်ဟမ်အသင်းက ဗီလာကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်အပြီး ဂျရတ်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။

ဗီလာအသင်းသည် ယခုနှစ်ရာသီ နည်းပြ ဂျရတ်လက်ထက်၌ ပုံစံကောင်းပျောက်ဆုံးနေပြီး လိဂ် ၁၁ ပွဲတွင် နှစ်ပွဲသာ နိုင်ပွဲရရှိထားပြီး ရမှတ် ကိုးမှတ်သာ ရရှိထားသည်။ ထို့အပြင် ဂျရတ်သည် အက်စ်တွန်ဗီလာအသင်းကို စတင်တာဝန်ယူကိုင်တွယ် ၁၁ လတာကာလအတွင်း စုစုပေါင်း ပွဲ ၄၀ တွင် ၁၃ ပွဲသာလျှင် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ကြောင်း သိရသည်။

ဂျရတ်သည် ရိန်းဂျားအသင်းမှထွက်ခွာပြီးနောက် အက်စ်တွန်ဗီလာအသင်းက ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဒိန်းစမစ်၏ နေရာကို အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းက နွေရာသီတွင် အင်္ဂလန်ခံစစ်ကစားသမား မင့်စ်ကို အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားကာ မက်ဂင်ကို အစားထိုးခန့်အပ်လိုက်ပြီးနောက် အသင်း၏ ရလဒ်များတဖြည်းဖြည်းဆိုးရွားလာခြင်းဖြစ်ကြောင်း ပြောဆိုမှုများလည်း ရှိနေသည်။

■ မိုးဇက် – စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၀-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(တေဇုဂုဏ်သုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "မြန်မာ့သနပ်ခါး"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာပြုလုပ်နည်း "ချင်းရိုးရာကြက်ကောင်လုံးပေါင်း"
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၈)
**၁၃:၃၀** MRTV National News
**၁၄:၄၀** Weekly MNL Review
**၁၅:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၁၇)
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'စည်းလုံးကြစို့'
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၃၅** 'နေရောင်ခြည်ရဲ့လျှပ်စစ်စွမ်းအင်'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ…သိရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့…နီးလေး' အပိုင်း(၅) (စိုးသိဟ၊ နေဆန်း၊ ယုသဉ္ဇာတင်၊ မေသန်းနု၊ ပန်းပန်၊ လှမျိုးသဥ္စာနွယ်) (ဒါရိုက်တာ-မျိုးထူး)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "ဥမ္မာဒန္တီ" (ပထမပိုင်း)
**၂၁:၄၅** ဟိုတုန်းက…ရေဒီယိုအသံလွှင့်ဇာတ်လမ်း 'မေတ္တာသည်သာပဓာန'

**mitv**

**07:02** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:10** Weekly Review
**07:27** Aesthetic Painting on Pathein Umbrella
**07:40** Faces Of ASEAN (Malaysia)
**07:45** Myanmar Family Life: Nature Connected to Happiness
**08:01** News
**08:28** Traditional Chin Clothes
**08:34** Listening Pleasure, Instrumental Music (Mandolin) Glory of Love
**08:46** Ywar Thit's Monhinkhar
**09:01** Quiz Time (Ep-22)
**10:27** Products of Myanmar - Velvet Slipper
**10:39** Sri Ksetra, Field of Fortune & Glory (Part-1)

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဖားစည်မြေမှ ရိုးရာအလှ (အပိုင်း-၁)
**ချင်း (လိုင်စိုး) (၇:၀၀ မှ ၈:၀၀)**
သဘာဝမြေသြဇာ ပြုလုပ်နည်း
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆပ်ဝါထမင်းသုပ်နှင့် ဝက်နံရိုးချဉ်ရည်ဟင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရာမညမြေမှ အမွေအနှစ်များ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ပြည်မှ သဘာဝအလှများ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကား ပြောကြရအောင်(အပိုင်း-၄)
**'ဝ' (၁၅:၀၀ မှ ၁၇:၀၀)**
ရှန်ဒိုက်သို့ အလည်တစ်ခေါက်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်း လက်မှုပညာ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကား ပြောကြရအောင် (အပိုင်း-၁၀)
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဂေါ်ရန်ဂျီကျွန်း သဘာဝအလှ (အပိုင်း-၁)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ထမင်းရည်ရဲ့ အာနိသင်အကြောင်း သိကောင်းစရာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** Weekly International News
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၄
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင်(အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၇:၀၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
**၀၇:၅၀** ကောက်ရိုးကိုအသုံးပြု၍ အာဟာရပြည့်ဝသော အစာတုံးပြုလုပ်ပုံအဆင့်ဆင့်
**၀၈:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၈:၁၅** မြန်မာ့လယ်ယာထွက်ကုန်များဖြင့် တန်ဖိုးမြင့် ထုတ်ကုန်
**၀၉:၀၀** ပျိုးပန်းဝေဖြာ တိုတောရှာ
**၀၉:၀၀** ဆန်ကိုအခြေခံ၍ ကွတ်ကီးနှင့်ပေါင်မုန့်ပြုလုပ်ခြင်း အလေ့အထားစရာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info/Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၂-၁၀-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၃) တွင် အဘွားသည် အဘိုးကို ကတိပေးထားသည့်အတိုင်း နွားကို ကြက်နှင့် အတွဲလိုက်တွဲရောင်းကာ နွားတန်ဖိုး၏ တစ်ဝက်ကိုခွဲကာ အဘိုးအတွက် အလှူဒါနလုပ်ပေးပြီး ကျန်တစ်ဝက်ကို မိမိလုပ်ကိုင်စားသောက်ရန် အတွက် နွားလေးကို ပြန်ဝယ်လိုက်သည့် ဉာဏ်ထက်မြက်သည့် အဘွားအကြောင်းကို တင်ဆက်ထားသည့် "အဘိုးနဲ့ အဘွား" မျက်နှာဖုံးကာတွန်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သော အောက်ဆီဂျင်ဓာတ်ကို ပြည့်ဝစွာရရှိနိုင်ရန် အသက်ကို ပြင်းပြင်းရှူရန်နှင့် လေ့ကျင့်ခန်းများ ပြုလုပ်သည့်အခါတွင်လည်း အသက်ကိုပြင်းပြင်းရှူခြင်းကို အလေ့အကျင့်လုပ်သင့်ကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "နည်းလမ်းမှန်စွာ အသက်ရှူကြပါ" သုတဆောင်းပါး၊ ဝန်ပိုင့်ကြီး၏ အကြွားသန်ခြင်းကို ငါးလေးပိုပိုက ဘယ်သတ္တဝါမဆို သူ့နေရာနှင့်သူ တန်ဖိုးရှိကြပြီး ဘဝတွင် အားလုံးနှင့် လိုက်လျောညီထွေနေတတ်ဖို့သာ လိုအပ်ကြောင်း တင်ဆက်ထားသည့် "သူ့နေရာနဲ့သူ" နှစ်မျက်နှာကာတွန်း၊ အပြင်သွားလျှင် နှာခေါင်းစည်း မက်စ်ကို မတပ်ဘဲ မသွားသင့်ကြောင်းနှင့် ကျန်းမာရေးသတိ အမြဲရှိရန် လိုအပ်ကြောင်းကို တင်ဆက်ထားသည့် "ကိုအောနဲ့ ဘိုစော" တစ်မျက်နှာကာတွန်း၊ ဘုရင်ကြီး ချီးမြှင့်ပေးလိုက်သည့် အသပြာတစ်ပြားကို ရရှိပြီး ဘဝင်မြင့်သွားသည့် ဖားလေးအကြောင်းကို တင်ဆက်ထားသည့် "ဖားကလေးနှင့်ဘုရင်ကြီး" နှစ်မျက်နှာကာတွန်း၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်မည့် အကြောင်းအရာအချို့ကို တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ ကျောင်းမှန်မှန်တက်ပြီး စာကို ရိုးသား၊ ကြိုးစားစွာ သင်ယူခြင်းကြောင့် အတန်းထဲတွင် ဆုရရှိသွားသော မစံပယ်အကြောင်းကို ရေးဖွဲ့ထားသည့် "ဆံရစ်ဝိုင်းနဲ့ မစံပယ်" ကဗျာကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၀ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၇၅၆၆၅ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၇၁၀၉၈ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၂၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၂၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၇၅ ကျပ် | ၂၈၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၅ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၀ ကျပ် | ၂၁၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၇ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၆၉ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၇၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၃ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၄၀၀ | ၂၀၀ | ၁၈၈၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၁ | ၈၅၈၀၀ |
| FPB | ၂၁၀၀၀ | ၂၀၀၀၀ | ၂၀ | ၄၀၂၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၀ | ၂၁၆၀၀၀ |
| AHP | ၅၁၀၀ | ၅၁၀၀ | ၅၃ | ၂၇၀၃၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

သာသနာရောင်ဝါထွန်းစေဖို့ သမ္ဗုတ ကထိန် သင်္ကန်းများဝယ်ယူလှူဒါန်းကြပါစို့။

၁ အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉ ၅၁၅၄၁၆၄၊ ၀၉ ၄၃၀၁၉၇၇၈
၂ အမှတ်-၁၅၆ ၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉ ၄၂၀၈၈၁၉၆၀၊ ၀၉ ၇၇၉၉၇၁၄၉၄
၃ အမှတ်- ၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ ဖုန်း- ၀၉ ၄၅၀ ၉၃၄၄၉၉
၄ အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ ဖုန်း-၀၉ ၄၄၃၀၁၆၀၃၂၊ ၀၉ ၄၂၁၁၄၈၅၉၆
၅ အမှတ်-၁၂၅၊ သံဈေးအရှေ့၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၉ ၅၁၅၄၁၆၄
၆ တိုက်-အေ၊ အခန်း(၁)၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉ ၄၃၀၁၉၇၇၈
၇ အမှတ်-ဘီ ၁၆-ဘီ ၊ ဒညင်းကုန်းလက်ကားဈေးကြီး၊ ရွှေပြည်သာတံတားလမ်းနှင့် ပုလဲလမ်းထောင့်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉ ၄၅၇၄၉၆၈၇၁၊ ၀၉ ၄၅၇၄၉၆၈၇၂
၈ ရန်ကုန်-မန္တလေး ကားလမ်း၊ ဆင်ရတနာ-မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနားမြို့။ ဖုန်း-၀၆၇ ၈၀ ၂၂၅၉၇
၉ အမှတ်- ၂/၆၃၊ နေပြည်တော်လမ်းမကြီး၊ (ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်ပျဉ်းမနားမြို့။ ဖုန်း-၀၆၇ ၈၀ ၂၄၇၇၃၊ ၀၉ ၂၅၀၀၉၅၂၂၃
နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။
သမ္ဗုတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂျယ/၅၉၈၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်မင်း ၅/ရဘန(နိုင်)၁၄၁၃၉၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ရွှေဘို)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7N/4961 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ် (၅၄၁)၊ ဧရိယာ ၄၀'x၆၀'၊ မြေကွက်တည်နေရာအမှတ် (၅၄၁)၊ အနော်မာ(၁၃)လမ်း အရှေ့၊ (၁/အနော်မာ)ရပ်ကွက်၊ သာကေတမြို့နယ် (အင်န်ပွတ်ရှ်ပါဝါဘီ) (၁၆၂၀/၆၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် အင်န်ပွတ်ရှ်ပါဝါဘီ (မိခင်) နှင့် ဦးမြ(ခ)ဦးမြခင်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်လှသန်း ၁၂/မဂတ(နိုင်) ၁၀၄၈၀၀၊ ဒေါ်မာလာ ၁၂/မဂတ(နိုင်)၁၀၄၈၀၁၊ ဒေါ်သန်းအေး ၁၂/မဂတ(နိုင်)၁၀၄၈၀၃ တို့ထံမှ General Power အမှတ်-၁၁၀၁၈/၂၀၂၂ (၃၀-၆-၂၀၂၂)ဖြင့် ရရှိသူ ဦးတင်အေး ၁၂/မဂတ(နိုင်)၀၆၇၆၉၈ မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိခင်၊ ဖခင်တို့၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ GP မူရင်း ပါဝါလွှဲအပ်သူများ သက်ရှိထင်ရှားရှိပြီး GPမရုပ်သိမ်းသေးကြောင်း ကတိသစ္စာပြုလွှာ၊ သမီးအရင်းများအဖြစ် မိမိတို့ ညီအစ်မ(၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်လှသန်း၊ ဒေါ်မာလာ၊ ဒေါ်သန်းအေးတို့၏ တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာပြုလွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ်(၂၃၀)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်မောင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၂၂၉)နှင့်ကပ်လျှပ် အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းထွန်းလှ (၁၂/ရကန (နိုင်) ၀၅၃၃၅၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)
Hein Htet San Law Firm

**ဦးပြည့်ဖြိုးအောင်**
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၃၀၅၃)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မြင့်မြင့်လှိုင် (၁၂/အလန(နိုင်) ၀၃၃၅၄၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်အေး (၁၂/စခန (နိုင်) ၀၀၇၃၆၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)
Hein Htet San Law Firm

**ဦးပြည့်ဖြိုးအောင်**
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ် ၁၇ဟု ခေါ်တွင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊မြေကွက်အမှတ် ၃၂၆၊ (၄၁ပေx ၆၀ပေ) အကျယ်အဝန်းရှိ ဦးမြင့်သိန်း (AA-၀၈၃၈၆၀) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အား အမည်ပေါက် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ချိုချို ၁၂/ကမတ(နိုင်) ၀၃၆၁၂၂ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၆၃၀၄/၂၀၂၂) (၁၁-၈-၂၀၂၂)အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာပြီး အဆိုပါ မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်အခြမ်း) (၂၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ အမွေဆက်ခံသူထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၂၁၆/၂၀၂၁(၁၂-၁၁-၂၀၂၁)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်ကြည်ကြည်ခိုင် ၁၂/စခန(နိုင်)၀၅၁၉၀၈ မှ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးနေဝင်းအောင် ၁၂/ပဘတ(နိုင်)၀၀၃၀၈၇ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းအထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ငွေငွေဝင်း (LL.B,D.I.L,WIPO (Switzerland) (စဉ်-၁၃၃၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၇၊ နိဗြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

# ခန္တီးမြို့တွင် မိုးစပါးစိုက်ဧက ၈၂၄၀ စိုက်ပျိုးပြီးစီး

**ခန္တီး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကာလ၌ မိုးစပါး စိုက်ဧက ၈၂၄၀ စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးစပါးမျိုးစေ့များအနေဖြင့် ဆင်းကေရီ-၃နှင့် တောင်ယာစပါးမျိုးစေ့များမှာ အောက်ပိတ်၊ ဘူကျောက်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စပါးကို တောင်ယာစနစ်ဖြင့်လည်းကောင်း၊ ခေတ်မီသည့် လှေကားထစ်နည်းစနစ်၊ မိုးကောင်းသောက်စနစ်များနှင့် စိုက်ပျိုးကြသည့်အတွက် တောင်ယာစပါးများ တိုးတက်လာသည့် အနေအထားတွင်ရှိသောကြောင့် ယခုနှစ်တွင် မိုးစပါးစိုက် ဧက ၈၂၄၀ စိုက်ပျိုးနိုင်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

အလားတူ မိုးစပါးများစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် ဓာတ်မြေဩဇာဈေးကြီးနေ၍ သဘာဝမြေဩဇာများသုံးစွဲတတ်စေရန် နည်းပညာများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ယွန်း(မုံရွာ ၊ ကိုယ်ပွား)**

**အမည်နှင့်မွေးသက္ကရာဇ်အမှန်**

ဖောင်းပြင်မြို့နယ်၊ သရောင်းအုန်းဒုတ်အုပ်စု၊ သာစည်ကျေးရွာနေ ဦးထွန်းအောင် ၅/ဖပန(နိုင်)၀၁၄၈၉၂ ၏သမီး မတုတ်၏ အမည်မှန်မှာ မမီတုတ် ၅/ဖပန(နိုင်)၀၃၉၈၂၇ နှင့် မွေးသက္ကရာဇ် အမှန်မှာ ၂၁-၇-၁၉၇၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ဝေါမြို့၊ အထက(ဝေါ)ကျောင်း Grade-4 တွင် ပညာသင်ကြားနေသော မခင်သော်တာစံ၏ ဖခင်အမည်မှန်မှာ ဦးအောင် အောင် ၇/ဝမန(နိုင်)၂၀၅၉၅၀ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

**စာအုပ်စာပေ လှူမိတ်ဆွေ**

**အမည်ပြောင်း**

ပဲခူးမြို့၊ ဟသ်ာကုန်း(၁၈)ရပ်ကွက်နေ ဦးတင်ဇော်ထွေး၏သား အာကာမြင့်မိုရ်အား အာကာမောင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အာကာမောင်မောင်**

# တရားမဝင် သစ်မျိုးစုံ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက်က တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်ဦးဆောင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ထားဝယ်မြို့ အိမ်ရှေ့ပြင်စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားမဝင် ပိတောက်ခွဲသား ၈ဒသမ ၅၀၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၅၁၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၅၉၅၅၁၈၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ပို့ကုန်သွင်းကုန်**
**ဥပဒေနှင့်အညီ အရေးယူ**

ထို့ပြင် အောက်တိုဘာ ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့အတွင်း လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀)နှင့် ကာဘိုး-ထန်းကုန်း-ကန့်ဘလူသွား ကားလမ်းမပေါ်တွင် Pajero အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁၁၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါ အထူးစီးပွားရေးဇုန်၊ One Stop Service Center (OSSC)၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်မပါရှိသော ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀) ကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က မြဝတီ - ဘားအံ - ရန်ကုန်သွား ကားလမ်း၊ ဘုရားကြီးမြို့နယ် PUMA ဆီဆိုင် အနီးတွင် မော်တော်ယာဉ်တစ်စီး ပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော High Density Polyethylene ၆၆၂၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Hino Prifia Tractor Head အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၉၃၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုလာ ၂၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်း တရားမဝင် တောင်သရက်



ခွဲသား ၆ ဒသမ ၈၂၁၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၉၇၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ**
**အရေးယူဆောင်ရွက်**

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ် ၅၂ ဒသမ ၄၅၂၀ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၆၃၅၅၂၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၅၇၅၆၇၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၁၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ)၁၆၂၄. ၀၀ | | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၇၂ စုံ | ၃၂၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**Project Financing by :**
**uab bank**

**Developed by :**
**Shwe Zabu Deik Construction**

# *Pan Swal Taw Condominium*







Location Map



Entrance-1&2
(Ahlone Rail-way Bridge)



Private & Public
EV Charger Carpark

Architectural Design Consultant by : ONG & ONG PTE.LTD(Singapore)
Structure Design & Consultant by : KTP International Pte Ltd.
Contact us : 09-940005000
Email : info@uab.com.mm
Address : No.228, Ahlone Road, Ahlone Township, Yangon Division.

စုပေါင်းပိုင်မြေ (Freehold Land) ပေါ်တွင်ဆောက်လုပ်ထားပါသည်။

*နိုင်ငံခြားသားများလည်းဝယ်ယူနိုင်ပြီး ကွန်ဒိုဥပဒေနှင့်အညီပိုင်ဆိုင်ခွင့်ရှိသည်။*

နိုင်ငံခြားသားများကိုတစ်ဆင့်ပြန်လည်ရောင်းချလိုသူများအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံဝယ်ယူနိုင်ပါသည်။

*စုစုပေါင်းအခန်းအရေအတွက်ရဲ့ ၄၀%သာနိုင်ငံခြားသားများဝယ်ယူပိုင်ဆိုင်နိုင်သည့်အတွက် အခွင့်အရေးများ
လက်လွတ်မဆုံးရှုံးရအောင် ကြိုတင် Register လုပ်ထားနိုင်ပါသည်*

## ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်နေ ဒေါ်မမကြည်၏ ဖခင်အမည်မှန်မှာ ဦးမောင်အေးစိန် ၁၁/ကဖန(နိုင်)၀၀၂၆၀၀ ဖြစ်ပါသည်။

**ဦးမောင်အေးစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/1637 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၈၉၃၆၈ New Zhineng 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ထွန်း ၁၃/တကန(နိုင်) ၁၇၀၀၈၉က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/9863 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/65767 ZONG SHEN 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုလှိုင် ၅/စကန(နိုင်) ၁၄၆၈၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း များဌာနရှိ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၏ စီမံကိန်းလုပ်ငန်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော အောက်တိန်းဓာတ်ဆီ (၁၇၈၃)ဂါလန်နှင့် ပရီမီယံဒီဇယ် (၁၇၂၈၉)ဂါလန်တို့ကို တင်ဒါအမှတ်-58(T)/DPTSC(PTP)/ 2022-2023 မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၃-၁၁-၂၀၂၂ ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မြို့မလမ်း၊ မြေကွက်အမှတ်(၁၂၆၄/ခ) ဟုခေါ်တွင်သော မြေအလျား×အနံ(၂၃×၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အဦးအား အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်မြစိန်** (၁၂/ပဗတ(နိုင်)၀၀၅၉၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မီစန်းစန်းဝင်း** (၁၂/ဒဂန(နိုင်)၀၂၄၄၈၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**<u>လွှဲအပ်ညွှန်ကြားချက်အရ</u>**
**ဦးနိုင်လင်းမြင့်**
LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၅/၂၀၁၇)
အမှတ်(၅၆၄)၊ ဇေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း - ၀၉၂၆၂၈၂၂၉၃၅

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိ အရှေ့ရပ်)၊ ဒက္ခိဏရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၂၃၃၆)၊ အကျယ်အဝန်း (၁၀၀x၁၀၀)ပေ၊ ဧရိယာ ၀ ဒသမ ၂၂၉ဧကရှိ ဒေါ်နန်းခွမ်းနွန်း ၁၃/နစန(နိုင်)၀၃၁၇၉၁ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းခွမ်းနွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၉၉)**
**ဖုန်း-၀၉-၄၂၂၂၀၁၀၀၁၊ ၀၉-၆၈၀၇၅၅၀၆၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၅၇)ဟုခေါ်တွင်သော တစ်လွှာချင်း၊ ရှစ်ထပ်ခွဲတိုက်အဆောက်အအုံ၏ နံပါတ် (ခုနစ်လွှာ)၊ ခြောက်ထပ်၊ အခန်း(၃၈ပေ x ၅၄ပေ)အကျယ်ပေရှိ ရေ၊ မီးအပြည့်အစုံအပါအဝင် တိုက်ခန်းတစ်ခန်းနှင့် ၎င်းအခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်များအားလုံးကို ၅-၉-၂၀၁၆ရက်တွင် ဦးနန္ဒကျော် ၁၂/ဥကတ(နိုင်)၁၅၆၈၂၆နှင့် ဒေါ်မူမူထွန်း ၁၀/ပမန(နိုင်)၀၀၀၈၈၆တို့ ချုပ်ဆိုခဲ့သော "အဆင့်မြင့်တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်အရ ဒေါ်မူမူထွန်းမှ မိမိတစ်ဦးတည်းပိုင်ဆိုင်ခွင့်ရှိသူ၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုလာသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ယုံကြည်ပါ၍ ၎င်းတိုက်ခန်းအားဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ၎င်းတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မေ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှမျိုး LL.B, D.I.L, WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၁)**
**အမှတ်(၉၂/၆)၊ မီးဒုံးလမ်း၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၇၃၄၉၄၆**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်(၂၂)၊ ဦးပိုင်အမှတ်(၃၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်ပို (ခ) ခင်မိုးသက်အမည်ဖြင့် အမှုတွဲအမှတ်-၉၄၄/V ၁၉၉၁-၁၉၉၂အရ (၃၀-၆-၂၀၂၂)ရက်ထိ (၃၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်ခင်ပို(ခ)ခင်မိုးသက်သည် ၂၉-၅-၂၀၁၅ရက်တွင်လည်းကောင်း၊ ခင်ပွန်းဦးရွှေ (ခ)ဦးဖေသောင်းသည် ၁၀-၇-၂၀၁၃ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားခဲ့ကြပါသည်။ ၎င်းတို့၏သမီးများဖြစ်ကြသည့် ဒေါ်ဆွေဆွေဦးနှင့် ဒေါ်အေးအေးဝင်းတို့နှစ်ဦးမှ ၅-၈-၂၀၂၂ရက်တွင် မြစ်ကြီးနားခရိုင်တရားရုံး၏ ၂၀၂၂ခုနှစ် တရားမအထွေထွေအမှု အမှတ်-၅၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၇အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဆွေဆွေဦး ၁/မကန(နိုင်)၀၀၄၀၇၅နှင့် ဒေါ်အေးအေးဝင်း ၁/မကန(နိုင်)၀၀၄၀၇၃တို့နှစ်ဦးအမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၁၆က/၇)၊ ဦးပိုင်အမှတ်(၇၅)၊ မြေဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိမြေကွက်သည် မူလက ဦးမြင့်လေးအမည်ဖြင့် အမှုတွဲအမှတ်-၂၆၀၇/V ၁၉၈၉-၁၉၉၀ အရ ၃၀-၆-၂၀၂၀ ရက်ထိ (၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမြင့်လေးက ၎င်းပိုင်ဆိုင်သည့် မူလမြေဧရိယာ ၀ ဒသမ ၀၆၅ ဧကအနက်မှ ခြံမြေကွက် အနောက်ဘက်ခြမ်း ၀ ဒသမ ၀၄၄ဧကကို ၂၅-၈-၂၀၂၂ ရက်တွင် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၁၁/၂၀၂၂)အရ ဒေါ်ဇာခြည်သင်းထံသို့ တရားဝင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆က/၇)၊ ဦးပိုင်အမှတ်(၇၅/က)၊ မြေဧရိယာ ၀ ဒသမ ၀၄၄ ဧကရှိ မြေကွက်အား ဒေါ်ဇာခြည်သင်း ၁/မကန(နိုင်)၀၉၃၅၉၅အမည်ဖြင့် (ဦးပိုင်ခွဲ/အမည်ပြောင်း)မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ခွဲ-တကကရဲတင့် (ကိုယ်ပိုင်အမှတ်၅၆၂၅၉၅) ၈/မနမ(နိုင်) ၁၂၃၉၀၀ (ဘ) ဦးရဲအောင် အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(င)၂၅၄၅ အမည်ပေါက် (ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး ၉/မထလ(နိုင်) ၀၅၉၂၉၈(ဘ)ဦးထွန်းအေးမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ခွဲ-တကကရဲတင့် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ အရာခံဗိုလ်မောင်မောင်စိုး (ကိုယ်ပိုင်အမှတ်၄၄၃၄၉၈) ၈/မဘန(နိုင်)၀၀၄၆၁၃ (ဘ) ဦးဝွတို အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(B)၄၄ အမည်ပေါက် (ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ချိုချိုဝင်း (ခ)သန်းသန်းဝင်း ၈/မဘန(နိုင်)၀၀၄၅၆၇ (ဘ)ဦးတင်ဝင်း မှတရားဝင်အမွေခံဇနီးဖြစ်ကြောင်းတရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ အရာခံ မောင်မောင်စိုး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆-ခ/၂၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ ၀ ဒသမ ၁၃၃ ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်ဌေးကြည်၊ ဦးစိုးမင်းထွန်းအမည်ဖြင့် ၃၀-၆-၂၀၂၂ ရက်အထိ မြေငှားဂရန် အမည်ပေါက်သောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ခင်ဌေးကြည်၊ ဦးစိုးမင်းထွန်းတို့မှ ဒေါ်ခင်ဌေးကြည်၏မြေး၊ ဦးစိုးမင်းထွန်း၏သား မောင်ကောင်းခန့်လင်း၊ မောင်ကောင်းထက်ထွန်းတို့နှစ်ဦး၏အမည်အားဖြည့်စွက်၍ ဒေါ်ခင်ဌေးကြည် ၁၃/မကန(နိုင်)၀၂၁၃၃၅၊ ဦးစိုးမင်းထွန်း ၁/မကန(နိုင်)၀၈၈၆၆၃၊ မောင်ကောင်းခန့်လင်း ၁/မကန(နိုင်) ၂၂၉၆၅၀၊ မောင်ကောင်းထက်ထွန်း ၁/မကန(နိုင်)၂၄၅၃၇၁တို့ လေးဦးအမည်ဖြင့် အမည်ဖြည့်စွက်၊ သက်တမ်းတိုး မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

